ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ သောကြာနေ့ (18-12-2015) (၈၄၁၈)

# နိုင်ငံတော်သမ္မတဦးသိန်းစိန် ကာတာနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကာတာနိုင်ငံအကြီးအကဲ ရှိတ်ခ် တေးမင်(မ်) ဘင် ဟေမက်(ဒ်) အယ်လ်သာနီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကာတာနိုင်ငံ ဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး ရှိတ်ခ် အဗ္ဗဒူလာ ဘင် နာဆာ ဘင် ခလီးဖာ အယ်လ်သာနီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ခုံညားထည်ဝါ ၅၁ လမ်း အဆင့်မြင့်အိမ်ရာ

*သတင်းဆောင်းပါး - သီသီမင်း*
*ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)*

နှစ်ပေါင်း ၅၀ကျော် သက်တမ်းရှိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၅၁ လမ်း အိမ်ရာအဆောက်အအုံများသည် ယိုယွင်းအိုဟောင်းနေပြီး သစ်ပင်နွယ်ပင်များ တွယ်ကပ်ပေါက်ရောက်နေခဲ့သည်။ ရေညှိများ ကပ်ငြိနေသကဲ့သို့ အင်္ဂတေအချို့မှာလည်း ကွာကျလျက်ရှိနေသည်။

အဆိုပါ အဝါရောင်တိုက်ကြီးများ၏ နေရာတွင် ခေတ်မီလှပပြီး သစ်လွင်ခိုင်ခံ့သည့် အထပ်မြင့် အဆောက်အအုံများက အစားထိုးဝင်ရောက်လာပါပြီ ဟု ၎င်းနေရာတွင် ငယ်စဉ်ကတည်းက နေထိုင်ခဲ့သူ ကိုစိုးမင်းက ဆိုသည်။


"အရင်က ပြည်တော်သာ အိမ်ရာပါ။ ကျွန်တော် မမွေးခင်ကတည်းက အဒေါ်နာမည်နဲ့ရခဲ့တာ၊ အခုဆို နှစ်ပေါင်း ၅၀ ကျော်ပြီ၊ အဆင့်မီအိမ်ရာဆောက်ပေးမယ်ဆိုတော့ ဖြစ်ပါ့မလားလို့ သံသယရှိခဲ့ကြတယ်။ ယုံကြည်တဲ့သူတွေလည်းရှိတယ်။ ကျွန်တော်ကတော့ ယုံကြည်တဲ့ အထဲမှာပါပါတယ်။ ဒါပေမယ့် ဒီလောက်မြန်မြန်နဲ့ ခေတ်မီတဲ့ အိမ်ရာအဆောက်အအုံကြီးအဖြစ်နဲ့တော့ မျှော်မှန်းမထားမိခဲ့ဘူး" ဟု ၎င်းကပြောသည်။

လက်ရှိအစိုးရအဖွဲ့ တာဝန်ယူစဉ် ငါးနှစ်တာကာလအတွင်း အိမ်ရာပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ခဲ့ရာတွင် "၅၁ လမ်းအိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်း" သည်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၅၁ လမ်း အဆင့်မြင့်အိမ်ရာအဆောက်အအုံကို တွေ့ရစဉ်။



**ချယ်လ်ဆီးနည်းပြအဖြစ်မှ မော်ရင်ဟို ထုတ်ပယ်ခံရ**

စာမျက်နှာ » ၁၃

# ကချင်ပြည်နယ် ဖားကန့်ဒေသသို့ ရောက်ရှိနေသော ယာဉ်၊ ယန္တရားများ တရားဝင်တင်သွင်းခြင်း ဟုတ်/မဟုတ် ကွင်းဆင်းစစ်ဆေးမည့်အပြင်

## ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းမှ ယာဉ်၊ ယန္တရားများ တင်သွင်းခွင့်ကိုလည်း ခေတ္တဆိုင်းငံ့ထားရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ကချင်ပြည်နယ် ကန်ပိုက်တီး နယ်စပ်ဒေသမှ တရားမဝင် ယာဉ်နှင့်ယန္တရားများ ဝင်ရောက်နေကြောင်း လူမှုမီဒီယာများတွင် သတင်းများဖြစ်ပေါ် နေခြင်းနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းအား မေးမြန်းခဲ့ရာ ၎င်းက ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေး စခန်းမှ ယာဉ်၊ ယန္တရား အစီးရေ ၈၈၀ တရားဝင်တင်သွင်းခွင့်ပြုခဲ့ကြောင်း ပြောကြားသည်။

အဆိုပါ ယာဉ်၊ ယန္တရားများ တင်သွင်းခွင့်နှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသာ

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

**သက်ကြီးရွယ်အို အလျင်အမြန်တိုးပွားလာနေသော အရှေ့အာရှအနေဖြင့် စီးပွားရေးအင်အားအရှိန်ကို မည်သို့ ထိန်းထားနိုင်မည်နည်း**

ဆောင်းပါး စာမျက်နှာ - ၆



ပြည်တွင်းရေးရာ



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၊ အမျိုးသားကာကွယ်ရေးကော်မတီအဖွဲ့ဝင် ရေတပ်ဗိုလ်ချုပ်ကြီး(ငြိမ်း)နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၊ အမျိုးသားကာကွယ်ရေးကော်မတီအဖွဲ့ဝင် ရေတပ်ဗိုလ်ချုပ်ကြီး(ငြိမ်း) Hon. Mr. KIM Sung Chan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဓါတ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Lee Baek-soon လည်း တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား AFEO Distinguished Honorary Fellow 2015 ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်(ASEAN Federation of Engineering Organisations-AFEO)က ချီးမြှင့်သော AFEO Distinguished Honorary Fellow 2015 ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်က AFEO Distinguished Honorary Fellow 2015 ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်(AFEO)ဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား AFEO Distinguished Honorary Fellow 2015 ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်သည့်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှတစ်ဆင့် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်(AFEO)ကို ကျေးဇူးအထူးတင်ရှိပါကြောင်း။ အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို တစ်သီးပုဂ္ဂလ ဂုဏ်ပြုခြင်းထက် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ကော်မတီများသို့ ဂုဏ်ပြုပေးအပ်သည်ဟု သတ်မှတ်ပါကြောင်း။

လွှတ်တော်အနေဖြင့် အင်ဂျင်နီယာကောင်စီဥပဒေသာမက ဆေးကောင်စီဥပဒေ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ အလုပ်သမားနှင့် သက်ဆိုင်သည့် ဥပဒေ စသည်တို့အပါအဝင် ဥပဒေပေါင်း ၁၉၈ ခုကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လွှတ်တော်၏ဆောင်ရွက်ချက်များအပေါ် နိုင်ငံတကာက အသိအမှတ်ပြုချီးကျူးကြသော်လည်း ယခုကဲ့သို့ ချီးမြှင့်ဂုဏ်ပြုမှုမှာ ပထမဆုံးဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးကျော်လွင်၊ ဦးအေးမြင့်၊ ဒုတိယဝန်ကြီးများဖြစ်သည့် ဒေါက်တာဝင်းမြင့်နှင့် ဦးစိုးတင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင် AFEO Distinguished Honorary Fellow 2015 ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်စဉ်။**

(သတင်းစဉ်)

# ABC အသံလွှင့်ဌာနက "မမဦး" မိခင်နှင့်ကလေးကျန်းမာရေးပညာပေး ရေဒီယိုဇာတ်လမ်းတွဲ ရှစ်ခုကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ABC(Australian Broadcasting Corporation)နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အသံလွှင့်ဌာနခွဲ မြန်မာ့အသံရေဒီယိုတို့ ဒုတိယအကြိမ်ပူးပေါင်းထုတ်လုပ်သည့် "မမဦး" မိခင်နှင့်ကလေး ကျန်းမာရေးပညာပေးရေဒီယိုဇာတ်လမ်းတွဲ ရှစ်ခုကို လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး Mr. Nicholas Coppel နှင့် ABC (Australian Broadcasting Corporation)မှ ကျွမ်းကျင်ပညာရှင် ဒေါ်ခင်မာဝင်းတို့က အစီအစဉ်ပူးပေါင်းထုတ်လွှင့်မှုနှင့်ပတ်သက်၍ ပြောကြားသည်။

ယင်းနောက် ABC အသံလွှင့်ဌာန၏ "မမဦး" မိခင်နှင့်ကလေး ကျန်းမာရေးပညာပေး ရေဒီယိုဇာတ်လမ်းတွဲ ရှစ်ခုကို ဩစတြေးလျသံအမတ်ကြီးက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်ထံသို့ လွှဲပြောင်းပေးအပ်သည်။**(အောက်ပုံ)**

"မမဦး" မိခင်နှင့်ကလေး ကျန်းမာရေးပညာပေး ရေဒီယိုဇာတ်လမ်းတွဲများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှ ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် စတင်ထုတ်လွှင့်မည်ဖြစ်ပြီး ရက်သတ္တပတ်ကြာ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၇

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

ညအပူချိန်များမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၂ ဒသမ ၀၅ လက်မနှင့် ကော့သောင်းမြို့တွင် သုည ဒသမ ၂၀ လက်မတို့ဖြစ်ကြသည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။

## ကာတာနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင်ကျရောက်သော ကာတာနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ခါလိဒ် ဘင် မိုဟာမက် အယ်လ်အတီရာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ ဟားခါး၌ကျင်းပ

**ဟားခါး ဒီဇင်ဘာ ၁၇**

အနောက်မြောက်တိုင်းစစ်ဌာနချုပ်က ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ကြွမ်ဘိခ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်က ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးသင့်ပြည်သူများအား စောင်များထောက်ပံ့ပေးခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဇန်ထောင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်နှင့် တာဝန်ရှိသူများက သဘာဝဘေးသင့်ပြည်သူများအား တစ်ထည်လျှင် ငွေကျပ် ၂၅၀၀၀ တန်ဖိုးရှိ စောင် ၄၄၈ ထည်ကို ပြည်သူများလက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

# အရှေ့တောင်အာရှဒေသ မြို့ပြလေကြောင်းဘေးကင်းလုံခြုံရေး ဥပဒေစည်းမျဉ်းထိန်းသိမ်းမှု တိုးမြှင့်ဆောင်ရွက်သင့်

**ဂျကာတာ ဒီဇင်ဘာ ၁၇**

အရှေ့တောင်အာရှဒေသ၏ မြို့ပြလေကြောင်းပို့ဆောင်ရေးလုပ်ငန်းကဏ္ဍ၌ ခရီးသည်တင်လေယာဉ်များ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ကြီးကြပ်ပေးမည့် ဒေသဆိုင်ရာ ဥပဒေစည်းမျဉ်းထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်နိုင်ရန် ဆယ်စုနှစ်နှစ်ခုကြာမျှ အချိန်ယူဆောင်ရွက်ရဖွယ်ရှိကြောင်း လေကြောင်းလုပ်ငန်းဆိုင်ရာ အထက်တန်းတာဝန်ရှိသူများက ပြောကြားကြသည်။

လွန်ခဲ့သည့်နှစ်က အင်ဒိုနီးရှား အဲအေးရှားလေကြောင်း၌ာနမှ အေ-၃၂၀ အမျိုးအစားခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရမှုနှင့် ပတ်သက်၍ အင်ဒိုနီးရှား အမျိုးသားသယ်ယူပို့ဆောင်ရေးလုံခြုံမှုကော်မတီက ယခုလအတွင်း အစီရင်ခံစာတစ်ရပ်ထုတ်ပြန်ရာတွင် မြို့ပြလေကြောင်းဘေးကင်းလုံခြုံရေးအတွက် ဥပဒေစည်းမျဉ်းများ ပိုမိုတင်းကျပ်နိုင်ရန် အရေးတကြီးဆောင်ရွက်သင့်သည်ဟု သုံးသပ်ဖော်ပြထားသည်။

အဲအေးရှားလေကြောင်း၌ာနမှ ခရီးသည်တင်လေယာဉ်ပျက်ကျမှုအတွင်း လူပေါင်း ၁၆၂ ဦးသေဆုံးခဲ့ရသည်။ လေယာဉ်ပျက်ကျမှုကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းအရာတစ်ခုတည်းကို စုံစမ်းစစ်ဆေးရေးမှူးများက ဖော်ထုတ်နိုင်ခြင်းမရှိဘဲ ဖြစ်နိုင်ခြေရှိသောအကြောင်းအရာများစွာကိုသာ ဖော်ထုတ်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အရှေ့တောင်အာရှဒေသ၏ မြို့ပြလေကြောင်းသယ်ယူပို့ဆောင်ရေးဈေးကွက်သည် လျင်မြန်စွာဖွံ့ဖြိုးနေပြီး ဘေးကင်းလုံခြုံသည့်လေကြောင်းပို့ဆောင်ရေးလုပ်ငန်းအဖြစ် ရပ်တည်နိုင်ရေးအတွက် ဥပဒေစည်းမျဉ်းများပိုမိုတင်းကျပ်ရန် လိုအပ်ပုံကို အဆိုပါအစီရင်ခံစာက မီးမောင်းထိုးပြလျက်ရှိသည်။

အရှေ့တောင်အာရှဒေသ၌ တစ်ခုတည်းသောမြို့ပြလေကြောင်းဥပဒေစည်းမျဉ်းထိန်းသိမ်းရေးအာဏာပိုင်အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် ဒေသဆိုင်ရာနိုင်ငံများက ကြိုးပမ်းသင့်ကြောင်း အဲအေးရှားလေကြောင်းထူထောင်သူ တိုနီဖာနန်ဒက်စ်က ပြောကြားသည်။ **ရိုက်တာ။**



# ပတ်ဂွန်ဟေးအား အသရေဖျက်ခဲ့သည့် ဂျပန်သတင်းထောက်အား တောင်ကိုရီးယား တရားရုံးက တရားသေလွှတ်ပေး

**ကျိုတို ဒီဇင်ဘာ ၁၇**

၂၀၁၄ ခုနှစ်တွင် တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးကို အသရေဖျက်ခဲ့သည့် ဂျပန်သတင်းထောက်အား တောင်ကိုရီးယားဗဟိုခရိုင် တရားရုံးက အပြစ်မရှိကြောင်း စီရင်ချက်ချမှတ်လိုက်သည်နှင့် ပတ်သက်ပြီး ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ကြိုဆိုပါကြောင်း ယနေ့ပြောကြားခဲ့သည်။

ဂျပန်သတင်းစာ 'ဆန်ကိုင် ရှင်ဘန်'၏ တောင်ကိုရီးယားဗျူရိုအကြီးအကဲဖြစ်သူ 'တက်ဆူယာ ကာတို'အား တောင်ကိုရီးယားဗဟိုခရိုင်တရားရုံးက အပြစ်မရှိကြောင်း စီရင်ချက်ချမှတ်ခဲ့ပြီးနောက် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက အထက်ပါအတိုင်း မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ တရားရုံးက အပြစ်မရှိကြောင်းစီရင်ချက်ချမှတ်ခဲ့ခြင်းသည် ဂျပန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးအတွက် အပြုသဘောဆောင်စေလိမ့်မည်ဟု မျှော်လင့်ပါကြောင်း အာဘေးက ဆိုသည်။

တရားရုံးက စီရင်ချက်မချမှတ်မီ ဂျပန်အစိုးရက တောင်ကိုရီးယားအစိုးရအဖွဲ့သို့ ယင်းကိစ္စနှင့်ပတ်သက်ပြီး သင့်လျော်စွာဆောင်ရွက်ပါရန် တောင်းဆိုခဲ့သည်ဟု ဂျပန်အစိုးရအဖွဲ့အတွင်းရေးမှူး ဟိုရှိဟိုက် ဆူဂါက ဆိုသည်။

တောင်ကိုရီးယားဂျူရီအဖွဲ့၏ ဆုံးဖြတ်ချက်သည် သတင်းလွတ်လပ်ခွင့်နှင့် နှစ်နိုင်ငံဆက်ဆံရေးအပေါ် ထိခိုက်မှုများရှိမည်ကို ဂျပန်အစိုးရအနေဖြင့် စိုးရိမ်ပူပန်ခဲ့ကြောင်း ဆူဂါက ဆက်လက်ပြောသည်။

၂၀၁၄ ခုနှစ် ဧပြီလက တောင်ကိုရီးယားကျောင်းသားကျောင်းသူ ၃၀၀ ကျော် လိုက်ပါစီးနင်းခဲ့သည့် သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ပြီးနောက် ကယ်ဆယ်ရေးဆောင်ရွက်ရာတွင် ထိရောက်မှုအားနည်းခဲ့ခြင်းနှင့်ပတ်သက်ပြီး သမ္မတပတ်ဂွန်ဟေးအစိုးရအဖွဲ့သည် ပြည်သူများ၏ ပြစ်တင်ဝေဖန်ချက်များနှင့် ရင်ဆိုင်ခဲ့ရသည်။

ဂျပန်သတင်းစာ 'ဆန်ကိုင် ရှင်ဘန်'၏ တောင်ကိုရီးယားဗျူရိုအကြီးအကဲဖြစ်သူ 'တက်ဆူယာ ကာတို'က သင်္ဘောနစ်မြုပ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေချိန်မှာ သမ္မတပတ်ဂွန်ဟေးသည် အမျိုးသားတစ်ဦးနှင့်အတူရှိနေခဲ့သည်ဟု ကောလာဟလအဖြစ် ၎င်း၏ဆောင်းပါးထဲတွင်ဖော်ပြခဲ့သည်။ ယင်းသို့ရေးသားခဲ့မှုကြောင့် တက်ဆူယာ ကာတိုအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်စွာပြောဆိုခွင့်ရရှိခြင်းက တက်ဆူယာ ကာတိုအား ကာကွယ်ပေးခဲ့ခြင်းဖြစ်သည်ဟု တောင်ကိုရီးယားနိုင်ငံဗဟိုခရိုင်တရားရုံးက ပြောကြားခဲ့ကြောင်း သိရသည်။ **အန်နင်အိတ်ချ်ကေ။**



# အဏုမြူလက်နက် အီရန်ထုတ်လုပ်မှုရှိ၊ မရှိ စုံစမ်းစစ်ဆေးမှု အိုင်အေအီးအေ အဆုံးသတ်မည်

**ဗီယင်နာ ဒီဇင်ဘာ ၁၇**

အီရန်နိုင်ငံသည် အဏုမြူလက်နက်ထုတ်လုပ်နိုင်မည့် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ခဲ့ခြင်းရှိ၊ မရှိ ၁၂ နှစ်ကြာ စုံစမ်းစစ်ဆေးလာမှုကို ကုလသမဂ္ဂ နျူကလီးယားလေ့လာစောင့်ကြည့်ရေးအဖွဲ့အစည်းတစ်ရပ်က ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်း၌ာနများက ဒီဇင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်နိုင်ငံတို့အကြား သမိုင်းဝင်သဘောတူညီမှုတစ်ရပ် ရရှိခဲ့ပြီးနောက် နိုင်ငံတကာဆက်ဆံရေး ပုံမှန်ပြန်လည်ပြုလုပ်နိုင်ရန် ရည်ရွယ်လျက် နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)က အီရန်၏နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလာမှုကို အဆုံးသတ်ရန် စီစဉ်ခြင်းဖြစ်သည်။

အီရန်နိုင်ငံသည် ၂၀၀၃ ခုနှစ်အထိဖြစ်သော နှစ်များအတွင်း အဏုမြူလက်နက်ထုတ်လုပ်နိုင်ရန် တိတ်တဆိတ်စီစဉ်ခဲ့ဖွယ်ရှိသည်ဟု အိုင်အေအီးအေက ယခုလအစောပိုင်းတွင် ယင်း၏အစီရင်ခံစာ၌ ဖော်ပြခဲ့သည်။

သို့ရာတွင် ယင်းအစီရင်ခံစာပါ ဖော်ပြချက်နှင့်ပတ်သက်၍ အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံများက တုံ့ပြန်ပြောကြားခြင်းမရှိဘဲ ရေငုံနှုတ်ပိတ်နေခဲ့ကြသည်။ အီရန်သည် အဏုမြူလက်နက်ထုတ်လုပ်နိုင်ရန်ကြံစည်ခဲ့သည်ဟု အမေရိကန်က ယခင်က တောက်လျှောက်စွပ်စွဲပြောဆိုလာခဲ့သော်လည်း ယခုအခါတွင်မူ ယင်းနိုင်ငံအပေါ် စွပ်စွဲမှုများပြုလုပ်ခြင်းမရှိတော့ပေ။

အီရန်နိုင်ငံအနေဖြင့်မူ အဏုမြူလက်နက်ထုတ်လုပ်နိုင်ရန် အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ခြင်းမရှိဟု အမြဲတစေ ငြင်းဆိုခဲ့သည်။ **ရိုက်တာ။**

# ကဘူးမြို့တော်၌ အာဖဂန်လုံခြုံရေးတပ်ဖွဲ့များ ဖောက်ခွဲရေးပစ္စည်းနှစ်တန် သိမ်းဆည်းရမိ

**ကဘူး ဒီဇင်ဘာ ၁၇**

လက်လုပ်ဗုံးများပြုလုပ်ရာတွင် အသုံးပြုနိုင်သော ဓာတုပစ္စည်းတစ်မျိုးဖြစ်သည့် အမိုးနီးယားနိုက်ထရိတ် နှစ်တန်ခန့်ကို အာဖဂန်နစ္စတန်အစိုးရလုံခြုံရေးတပ်ဖွဲ့များက ကဘူးမြို့၌ သိမ်းဆည်းရမိကြောင်း ထောက်လှမ်းရေး၌ာနက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးအရှေ့ပိုင်း ကာဒ်ကတ်ဒေသတွင် ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းက ယင်းသို့ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ မြို့တော်ကဘူးရှိ စပိန်သံရုံးနှင့် ကပ်လျက်တည်ရှိသော တည်းခိုခန်းတစ်ခုကို တာလီဘန်စစ်သွေးကြွများက ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်ခဲ့အပြီး နှစ်ရက်အကြာတွင် လက်လုပ်ဗုံးများ ပြုလုပ်နိုင်သော ဓာတုပစ္စည်းကို သိမ်းဆည်းရမိခြင်းဖြစ်သည်။

ယင်းသို့သော ဖောက်ခွဲရေးပစ္စည်းများအား ရှာဖွေတွေ့ရှိခြင်းသည် အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်မှုနှင့် အခြားဗုံးဖောက်ခွဲတိုက်ခိုက်မှု အကြိမ်ဒါဇင်များစွာမဖြစ်ပေါ်လာစေရန်ဟန့်တားရာရောက်ကြောင်း အာဖဂန်နစ္စတန်ထောက်လှမ်းရေးအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားကြသည်။ **ဆင်ဟွာ။**



## ပြည်တွင်းရေးရာ

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် အမျိုးသားကာကွယ်ရေးကော်မတီအဖွဲ့ဝင် ရေတပ်ဗိုလ်ချုပ်ကြီး(ငြိမ်း)အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် အမျိုးသားကာကွယ်ရေးကော်မတီအဖွဲ့ဝင် ရေတပ်ဗိုလ်ချုပ်ကြီး(ငြိမ်း) Hon,Mr. KIM Sung Chan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်အခွင့်အရေး ကော်မတီဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီနှင့် ကိုရီးယား-မြန်မာ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အမျိုးသား လွှတ်တော်ရေးရာ ကော်မတီဝင်များနှင့် အမျိုးသား လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





# တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟော်ရီဇွန်ဟိုတယ် သရဖီ ဗီလာခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအစုအဖွဲ့ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံရေးဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ညီလာခံကျင်းပမည့်နေရာ၊ ဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ဖိတ်ကြားရမည့် ပုဂ္ဂိုလ်အစုအဖွဲ့ဆိုင်ရာများ၊ တက်ရောက်လာကြသူများအတွက် စားသောက်နေထိုင်သွားလာရေးကိစ္စရပ်များတွင်အဆင်ပြေချောမွေ့စေရေးဆောင်ရွက်ရမည့် ကိစ္စရပ်ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆက်လက်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# တောင်သူလယ်သမားများ အားကိုးအားထားပြုရမည့်ဘဏ် ဖွင့်လှစ်ပြီ

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် ရည်ရွယ်ပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဧရာဝတီ တောင်သူလယ်သမား ဖွံ့ဖြိုးရေးဘဏ် (A bank)ကို ဖွင့်လှစ်ပြီးဘဏ်လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း အုပ်ချုပ်မှု ဒါရိုက်တာ ဦးရဲမြတ်စိုးက ပြောသည်။

"အခုလို တိုင်းဒေသကြီးအခြေပြုပြီးဖွင့်ရတာက တိုင်းဒေသကြီးမှာနေတဲ့လယ်သမားတွေရဲ့ စားဝတ်နေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ နောက်တစ်ခုက စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက်ပါ။ အဲဒီကဏ္ဍတွေ ဖော်ဆောင်ဖို့ ဒီဘဏ်ကို ဗဟိုဘဏ်ရဲ့ ခွင့်ပြုချက်ရယူပြီး ထူထောင်ရခြင်းဖြစ်ပါတယ်"ဟု ဦးရဲ မြတ်စိုးကပြောသည်။

အဆိုပါ (A bank) သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပထမဆုံးဖွင့်လှစ်သည့် ဘဏ်ဖြစ်ပြီး တောင်သူလယ်သမားများကို ငွေချေးမှုပုံစံခိုင်ခိုင်မာမာရရှိရန်ပြုလုပ်၍ ချေးငွေထုတ်ချေးသွားမည့်အပြင် ဆန်စပါးမျိုးစေ့ကဏ္ဍနှင့် ဆန်စက်ပိုင်ရှင်များ မိမိတို့၏ဆန်စက်များကို တိုးချဲ့အဆင့်မြှင့်တင်ရာတွင် လိုအပ်သည့်ချေးငွေပမာဏကို ထုတ်ချေးသွားမည့်အပြင် လယ်ယာထွက်ကုန်တင်ပို့ရာ၌အခက်အခဲရှိနိုင်သော လိုအပ်သည့် အရင်းအနှီးများကိုလည်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တောင်သူလယ်သမားတွေအနေနဲ့ ဘယ်လိုချေးငွေမျိုးရရှိနိုင်မလဲဆိုရင် ဆန်စပါး အထူးပြုတဲ့လုပ်ငန်းရှင်၊ ကုမ္ပဏီကြီးတွေရှိတယ်။ ဒီကုမ္ပဏီတွေနဲ့ တောင်သူလယ်သမားတွေက အာမခံစာချုပ်ချုပ်ပါတယ်။ ရာသီကုန်လို့ရှိရင် ဒီသီးနှံတွေရောင်းပါ့မယ်ဆိုတဲ့ စာချုပ်၊ ဆန်စပါးလုပ်ငန်းရှင်တွေကလည်း သူတို့နဲ့ စာချုပ်ချုပ်ထားတဲ့ တောင်သူလယ်သမားတွေကို တာဝန်ယူပါတယ်ဆိုတဲ့ စာချုပ် အဲဒီစာချုပ်နှစ်ရပ်ရှိရပါမယ်။ အဲဒါကို အာမခံအဖြစ်ယူပါတယ်။ နောက်တစ်ခုက ကြေးတိုင်နဲ့မြေစာရင်းဦးစီးဌာနက ပေးထားတဲ့ ပုံစံ(၇) လယ်ယာမြေလုပ်ကိုင်ခွင့်ကို အာမခံယူထားပြီးတော့ အတိုးနှုန်းသက်သာစွာနဲ့ ငွေထုတ်ချေးပေးသွားမှာဖြစ်ပါတယ်"ဟု ဦးရဲမြတ်စိုးက ပြောသည်။

(A bank)မှ ဝန်ဆောင်မှုပေးသည့် ချေးငွေအမျိုးအစားများတွင် Loan ချေးငွေ၊ စာရင်းပိုချေးငွေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းချေးငွေ၊ အငှားဝယ်စနစ်ချေးငွေ၊ နှစ်လတ်နှစ်ရှည်ချေးငွေ၊ စီမံကိန်းအခြေပြုချေးငွေများ ပေးနိုင်ရန်စီစဉ်ထားပြီး ချေးငွေအတိုးနှုန်းမှာ တစ်လလျှင် ၁၃ ရာခိုင်နှုန်းဖြစ်ကာ အတိုးကို သုံးလတစ်ကြိမ် ပေးသွင်းရမည်ဖြစ်သည်။

"အပ်ငွေမှာထူးခြားတာတစ်ခုက ငွေစုဘဏ်အတိုးနှုန်းက ၈ ဒသမ ၇၅ ရာခိုင်နှုန်း ပေးပါတယ်။အတိုးနှုန်းအမြင့်ဆုံးပေးထားပြီး အပ်ငွေသက်တမ်း ၁ နှစ်၊သုံးလ၊ခြောက်လ အဲဒီမှာ ၁နှစ်ကတော့ ၁၀ ဒသမ၂၅ ရာခိုင်နှုန်းအတိုးရရှိမှာဖြစ်ပါတယ်။ ဒီအပ်ငွေက တောင်သူလယ်သမားမှ မဟုတ်ပါဘူး။ အများပြည်သူ မည်သူမဆို ၁၈ နှစ်ပြည့်ပြီးသူတိုင်းလာအပ်နိုင်ပါပြီ။စာရင်းစဖွင့်မယ်ဆို ငွေ၁၀၀၀ နဲ့ဖွင့်နိုင်ပြီး တောင်သူလယ်သမားတွေလည်း အပ်နိုင်ပါတယ်။ အတိုးနှုန်းမြင့်မားစွာ ပေးသွားမှာပါ"ဟု ၎င်းကဆက်ပြောသည်။

ထို့ပြင် တောင်သူပညာပေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ပြည်တွင်းငွေပို့ငွေလွှဲခြင်းလုပ်ငန်းများကိုလည်း ဧရာဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊ အခြားဘဏ်များနှင့် ချိတ်ဆက်၍ ဆောင်ရွက်ပေးနေကြောင်းသိရသည်။

အဆိုပါ(A bank) သည် အများပိုင်ဘဏ်ဖြစ်သည့်အတွက် ရှယ်ယာဝင်လိုသူများအား အစုရှယ်ယာများ ထုတ်ရောင်းသွားမည်ဖြစ်ကာ မွန်ပြည်နယ်၊ ပဲခူး၊ စစ်ကိုင်းနှင့်မန္တလေး တိုင်းဒေသကြီးများတွင် ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆင့်မြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်သည်။

**(သီသီမင်း)**




# တွံတေးမြို့နယ် ရွှေသူဌေးစိုက်ပျိုးမွေးမြူရေးစခန်းနှင့် အမျိုးသမီးပြုစုစောင့်ရှောက်ရေးစခန်းစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်အေးသန်းသည် ဒီဇင်ဘာ ၁၅ ရက်က တွံတေးမြို့နယ်အတွင်းရှိ အကျဉ်းဦးစီးဌာန ရွှေသူဌေးစိုက်ပျိုးမွေးမြူရေးစခန်းနှင့် အမျိုးသမီးပြုစုစောင့်ရှောက်ရေးစခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တရားသူကြီး ဒေါ်အေးသန်းသည် စခန်းရှိ အကျဉ်းသားများနှင့်တွေ့ဆုံ၍ ဥပဒေပါ အခွင့်အရေးများ ခံစားရရှိခွင့် ရှိမရှိ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအခြေအနေနှင့် အသက်မွေးမှုအတတ်ပညာသင်ကြားပေးမှု အခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် စခန်းရှိ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းဖွင့်လှစ်သော သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းကျင်းပသော Training on Data Entry and QGIS- Based Township WASH Planning သင်တန်းကို နေပြည်တော်ရှိ MICC-2 တွင် ဒီဇင်ဘာ ၇ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက်ကြသည်။

အဆိုပါသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် တက်ရောက်၍ အမှာစကားပြောကြားကာ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ယူနီဆက်မှ တာဝန်ရှိသူတို့က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**(ကြေးမုံ)**

# မြန်မာYMCA မိသားစု ခရစ္စမတ်အကြို ပွဲတော်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင်ကျရောက်မည့် ခရစ္စမတ်နေ့ အခမ်းအနားကို ကြိုဆိုသောအားဖြင့် မြန်မာ YMCA မိသားစု၏ ခရစ္စမတ်အကြိုပွဲတော်ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ မြန်မာ YMCA ရုံးချုပ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ YMCA ဥက္ကဋ္ဌ ဦးသာစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ခရစ္စမတ်သတင်းစကားနှင့် ကောင်းချီးပေးခြင်းကို သိက္ခာတော်ရဆရာ ဒေါက်တာ ဦးဝင်းတင်ကလည်းကောင်း၊ ဆုတောင်းမင်္ဂလာပြုခြင်းကို သိက္ခာတော်ရဆရာ ဦးကျော်ညွန့်က လည်းကောင်း၊ ကျေးဇူးတင်စကားနှင့် အနာဂတ်လုပ်ငန်းများအကြောင်းကို မြန်မာ YMCA အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ဝင်းက လည်းကောင်း ပြောကြားကြသည်။

ထို့နောက် မြန်မာ YMCA ဝန်ထမ်းများနှင့် တက်ရောက်လာကြသူများက ခရစ္စမတ်တေးသီချင်းများ စုပေါင်းသီဆိုကြခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းနှင့် ဧည့်ခံခြင်းများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကျင်းပကြကြောင်း သိရသည်။

**(ဇော်မင်းလတ်)**

**လွန်ခဲ့သော ဆယ်စုနှစ်သုံးခုအတွင်း အရှေ့အာရှဒေသသည် လူဦးရေပုံသဏ္ဌာန် (demographic) ဖြစ်တည်မှု၏ ကောင်းကျိုးသီးပွင့်ကို ခံစားခဲ့ရသည်။ ၁၉၆၀ ပြည့်လွန်နှစ်များမှ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ဒေသတွင်း တစ်ဦးကျဝင်ငွေ တိုးပွားမှု၏ သုံးပုံတစ်ပုံနီးပါးသည် ပေါကြွယ်ပြီး တိုးပွားသည့် အလုပ်သမားအင်အားကြောင့်ဖြစ်ရာ ယင်းကြောင့် အရှေ့အာရှသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု၏ အဓိက မောင်းနှင်အား တစ်ခုဖြစ်လာခဲ့သည်။**

# သက်ကြီးရွယ်အို အလျင်အမြန်တိုးပွားလာနေသော အရှေ့အာရှအနေဖြင့် စီးပွားရေးအင်အားအရှိန်ကို မည်သို့ ထိန်းထားနိုင်မည်နည်း

## အက်ဇယ် ဗန် ထရော့ဆင်ဘာ့ဂ်

ယခုအခါ အရှေ့အာရှဒေသသည် လူဦးရေပုံသဏ္ဌာန်ပြောင်းလဲမှု ပုံစံတစ်ရပ်ဖြစ်သော သက်ကြီးရွယ်အိုဦးရေ အလျင်အမြန်တိုးပွားလာခြင်းဆိုသည့် စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရသည်။ အရှေ့အာရှနှင့် ပစိဖိတ်ဒေသသည် သမိုင်းတစ်လျှောက်တွင် အခြားသောဒေသများထက်ပို၍ အသက်အရွယ်ကြီးသူများ တိုးပွားလာမှုကို တွေ့ရှိရကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။

အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် အသက် (၆၅) နှစ်နှင့် အထက်လူဦးရေ ၂၁၁ သန်းကျော်ရှိပြီး အဆိုပါအရွယ်ရောက် ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၃၆ ရာခိုင်နှုန်းရှိသည်။ ၂၀၄၀ ပြည့်နှစ်တွင် အရှေ့အာရှ၌ သက်ကြီးဦးရေ နှစ်ဆမြင့်တက်လာပြီး ၄၇၉ သန်းအထိရှိလာမည်ဖြစ်သည်။ ကိုရီးယား၊ တရုတ်နှင့် ထိုင်း စသည့်နိုင်ငံတို့တွင် အလုပ်လုပ်နိုင်သည့်အရွယ်ရှိ လူဦးရေမှာ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ လျော့ကျသွားမည်ဖြစ်သည်။

ဒေသတစ်ဝန်းတွင် အလုပ်လုပ်နိုင်သည့်ဦးရေလျော့ကျ လာခြင်းနှင့် သက်ကြီးရွယ်အို တိုးပွားနှုန်းမြင့်မားလာခြင်းတို့ကြောင့် မူဝါဒချမှတ်သူ များအနေဖြင့် စီးပွားရေးတိုးတက်မှုအပေါ် သက်ရောက် လာနိုင်ဖွယ်အခြေအနေကိုလည်းကောင်း၊ ကျန်းမာရေး၊ ပင်စင်နှင့် ကာလရှည်ပြုစုစောင့်ရှောက်ရေးစနစ်ကဏ္ဍများအတွက် ပြည်သူ့ဘဏ္ဍာငွေမှသုံးစွဲရန် ပိုမိုတောင်းဆိုလာနိုင်မှုများကိုလည်းကောင်း ဖြစ်ပေါ်လာမည်ကို စိုးရိမ်လျက်ရှိသည်။

ဒေသတွင်း သက်ကြီးလူဦးရေ အလျင်အမြန်တိုးပွားလျက်ရှိရာ အလုပ်ကြိုးစားသူများ အသက်ကြီးရင့်သည့်အခါ ကျန်းမာပြီး အလုပ်လုပ်နိုင်သောဘဝတွင် နေထိုင်နိုင်ရေးအတွက် အစိုးရအဖွဲ့များ၊ အလုပ်ရှင်များနှင့် အိမ်ထောင်စုများက မည်သို့စီစဉ်ဆောင်ရွက်ကြမည်နည်း။ အရှေ့အာရှနှင့် ပစိဖိတ်ဒေသရှိ လူ့အဖွဲ့အစည်းများအနေဖြင့် လူစွမ်းလူအိုများရရှိအောင်၊ အားလုံးအလုပ်လုပ်နိုင်သော လူဘောင်များဖြစ်အောင် မည်သို့ပြုစုပျိုးထောင်ကြမည်နည်း။

သက်ကြီးရွယ်အိုများလာခြင်းနှင့်ဆိုင်သော အခက်အခဲများကို ဆေးမြီးတိုနည်းဖြင့် ဖြေရှင်းခြင်းမှာ ဆွဲဆောင်မှုရှိသော်လည်း အကောင်းဆုံးဖြစ်မည့်ရှေ့လျှောက်လမ်းစဉ်မှာ ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်း၊ ပညာရေး၊ အလုပ်သမားဈေးကွက်မူဝါဒများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးမှသည် နာတာရှည် စောင့်ရှောက်မှုအထိ ပြည်သူလူထု၏ တစ်ဘဝလုံးစာဖြစ်သည့် မိခင်ဝမ်းတွင်းမှသည် အိုမင်းပြီး နောက်ဆုံးချိန်ရောက်သည်အထိ စဉ်းစားပေးသည့် နည်းလမ်းပင်ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

ရှေ့ဆက်မည့်ပုံစံအပေါ် ပြည်သူတစ်ရပ်လုံးက သဘောတူမှုရအောင် တည်ဆောက်ရာတွင် နိုင်ငံရေးအရ စိန်ခေါ်မှုရှိသည့်အားလျော်စွာ မူဝါဒရေးရာ ရွေးချယ်မှုများကို ပြုလုပ်ရန် ခိုင်မာသည့်ခေါင်းဆောင်မှု လိုအပ်မည်ဖြစ်ပါသည်။ လုပ်နည်းကိုင်နည်းမှန်ကန်မည်ဆိုပါက လွှမ်းခြုံပါဝင်သည့် ချဉ်းကပ်ပုံကြောင့် အလုပ်လုပ်နိုင်သူများ၏ အလုပ်လုပ်ကိုင်မှုကို မြင့်တက်လာစေနိုင်သလို ကျန်းမာသန်စွမ်းစေမည့် ပြုမူနေထိုင်ပုံများဖြစ်အောင် တွန်းအားပေးနိုင်ပြီး ကုန်ထုတ်လုပ်မှုမြင့်တက်စေကာ လူမှုဖူလုံရေးကဏ္ဍကိုလည်း ပြုပြင်ပြောင်းလဲနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် အများပြည်သူဝန်ဆောင်မှုများသည် ထိရောက်မှုရှိလာပြီးလျှင် လူတိုင်းလက်လှမ်းမီသည့် အရာများလည်း ဖြစ်လာစေမည်ဖြစ်ပါသည်။

သတင်းကောင်းတစ်ခုမှာ အရှေ့အာရှဒေသသည် အားကောင်းသည့်အနေအထားမှ အစပြုရခြင်းဖြစ်သည်။ အရှေ့အာရှသားများသည် အခြားဒေသမှ သက်တူရွယ်တူများထက်ပို၍ အချိန်ပိုကြာအောင် အလုပ်လုပ်ကြသည်။ ၎င်းတို့ကိုကြည့်လျှင် အသက်အရွယ်တန်းအားလုံးတွင် ငွေစုဆောင်းမှုနှုန်းမြင့်မားသည်။ ပညာရေးပိုင်းအောင်မြင်မှု အလျင်အမြန် မြင့်တက်လျက်ရှိသည်။ လူမှုဖူလုံရေးစနစ်တွင် စရိတ်ကြီးမြင့်သည့် ဆက်ခံပိုင်ခွင့်ကိစ္စများ နည်းပါးသည်။

မူဝါဒရေးရာပြုပြင်ပြောင်းလဲမှုအချို့သည် အရွယ်အိုမင်းမှုနှင့် ဆက်စပ်ဖြစ်လာနိုင်သည့် ဆုံးရှုံးထိခိုက်နိုင်ခြေများကို စီမံခန့်ခွဲရေးအတွက် အခရာဖြစ်ပါသည်။ ဥပမာအားဖြင့် အလုပ်သမားဈေးကွက်တွင် နိုင်ငံများအနေဖြင့် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးများ ထားပေးခြင်း၊ အစိုးရက စရိတ်စိုက်ထုတ်ပေးခြင်းဖြင့် ဈေးနှုန်းမကြီးမြင့်သော ကလေးပြုစုစောင့်ရှောက်ရေး ဖြစ်လာစေခြင်းတို့ဖြင့် အမျိုးသမီးအလုပ်သမားများ အလုပ်လုပ်ကိုင်မှုကို မြင့်တက်အောင် နိုင်ငံများအနေဖြင့် ဆောင်ရွက်ပေးနိုင်ပါသည်။

ပင်စင်စနစ်တွင် ပင်စင်ခံစားရသူများပြားလာရေးလုပ်ကိုင်ရင်း ရေရှည်ပင်စင်ထောက်ပံ့ပေးနိုင်ရေးဆိုသည့်စိန်ခေါ်မှုနှစ်ခုနှင့် ရင်ဆိုင်နေရသည်။ ထို့အတွက် နိုင်ငံတချို့တွင် ပင်စင်ယူသည့် အသက်ကို တဖြည်းဖြည်းတိုးမြှင့်ခြင်း၊ ပမာဏကြီးပြီးပုံသေမရှိသည့် ကဏ္ဍများမှ အလုပ်သမားများပါ ပင်စင်ခံစားနိုင်အောင် မူဝါဒရေးရာနှင့် ဘဏ္ဍာရေးပိုင်းတွင် တီထွင်ဆန်းသစ်ပြောင်းလဲခြင်းစသည့် ခက်ခဲမည့်ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်ရန်လိုအပ်မည်ဖြစ်သည်။ ကျန်းမာရေးကဏ္ဍတွင် အသက်ကြီးသူများ အလျင်အမြန်တိုးပွားလာခြင်း၊ မကူးစက်နိုင်သော ရောဂါများဖြစ်ပွားမှု များပြားလာခြင်းနှင့်အတူ ဆေးရုံအခြေပြု ကျန်းမာရေးစနစ်မှသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုအလေးထားသောစနစ်တစ်ခုသို့ ပြောင်းလဲရန် လိုအပ်လာသည်။ အိုစရိတ်နှင့် နာစရိတ်များ စီမံခန့်ခွဲရန်အတွက် လိုအပ်လာမည့်အရာများမှာ ကျန်းမာရေးစောင့်ရှောက်သူများကို လစာပေးပုံ၊ ဆေးဝါးများဝယ်ယူပုံနှင့် ကျန်းမာရေးဆိုင်ရာနည်းပညာများ စီမံခန့်ခွဲပုံတို့တွင် အချိန်နှင့်ငွေဆုံးရှုံးမှု သက်သာလာရေးပင်ဖြစ်ပါသည်။

ထို့အတူ ပြည်သူများ၏ အသက်ကြီးရင့်လာမှုကြောင့် ကာလရှည် ပြုစုစောင့်ရှောက်မှုအတွက် တောင်းဆိုမှုနှင့် ဈေးကွက်အလျင်အမြန်တိုးပွားလာနေပါသည်။ မိသားစုကွန်ရက်များ ကြီးမားကျယ်ပြန့်မှု မြင့်တက်လာခြင်းနှင့်အတူ လိုအပ်ချက်၊ ဖြည့်ဆည်းပေးနိုင်စွမ်းနှင့် ကုန်ကျစရိတ်တို့အကြား ဟန်ချက်ထိန်းနိုင်မည့် ရပ်ရွာအခြေပြုနှင့် နေအိမ်အခြေပြု စောင့်ရှောက်မှုပုံစံသစ်များ တည်ထောင်ရန်အတွက် တီထွင်ဆန်းသစ်မှုများ အရေးတကြီးလိုအပ်နေပါသည်။

အသက်ကြီးသူဦးရေအချိုးသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံမတူညီသောကြောင့် မူဝါဒချမှတ်သူများအနေဖြင့် စီမံခန့်ခွဲနိုင်သော ဖြစ်စဉ်ဖြစ်အောင်၊ အများပြည်သူလက်လှမ်းမီသော ဖြစ်စဉ်ဖြစ်အောင် နည်းဗျူဟာအမျိုးမျိုးချမှတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဂျပန်၊ တောင်ကိုရီးယားနှင့် စင်ကာပူအပါအဝင် အချမ်းသာဆုံးသော နိုင်ငံများသည် အမျိုးသမီးများအား အလုပ်လုပ်ကိုင်စေခြင်း၊ အလုပ်နှင့်ပတ်သက်၍ စီစဉ်ရာတွင် အဆင်ပြေမှုကို ဦးစားပေးခြင်းဖြင့် ကုန်ထုတ်လုပ်သားသက်တမ်းများကို ဆက်လက်ဆွဲဆန့်ခြင်း၊ လူငယ်လုပ်သားလူဝင်မှုကို တိုးမြှင့်ခြင်းတို့ဖြင့် အလုပ်သမားအင်အား ကျဆင်းလာမှုကို ဖြေရှင်းကျော်လွှားနိုင်သည်။

တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဗီယက်နမ်ကဲ့သို့သော အလျင်အမြန်ဖွံ့ဖြိုးလာနေသော ဝင်ငွေအလယ်အလတ်နိုင်ငံများသည်လည်း သက်ကြီးရွယ်အိုများပြားလာမှုကို ရင်ဆိုင်နေရသည်။ အဆိုပါနိုင်ငံများအနေဖြင့် ကုန်ထုတ်လုပ်နိုင်စွမ်းတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားရန် အရေးကြီးသည်ဟု ကျွန်ုပ်တို့အနေဖြင့်ယုံကြည်ပြီး ထိုသို့ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် ၎င်းတို့အနေဖြင့် ပင်စင်၊ လူမှုဖူလုံရေး၊ ကျန်းမာရေးနှင့် ကာလရှည်ပြုစုစောင့်ရှောက်မှု အလုပ်သမားဈေးကွက်မူဝါဒများအပိုင်းတွင် အခြေခံကျကျ ပြုပြင်ပြောင်းလဲခြင်းများဆောင်ရွက်ရန်လိုအပ်သည်။ တတိယအုပ်စုဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ပါပူအာနယူးဂီနီ၊ ပစိဖိတ်ကျွန်းနိုင်ငံများနှင့် အရှေ့တီမောနိုင်ငံအပါအဝင် အခြားနိုင်ငံများသည် အသက်အရွယ်ငယ်ရွယ်သူများပြားနေသေးပြီး အသက် (၆၅)နှစ်အထက် လူဦးရေမှာ ပျမ်းမျှလေးရာခိုင်နှုန်းမျှသာရှိသေးသည်။ အဆိုပါ နိုင်ငံများအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြင့်တက်အောင် ကုန်ထုတ်လုပ်နိုင်မှုကိုမြှင့်တင်ပြီး လူငယ်များအလုပ်အကိုင်ခန့်ထားမှုကို အမြင့်ဆုံးသို့ရောက်အောင်လုပ်ဖို့ရာ ခြေလှမ်းများလှမ်းရန် ကျွန်ုပ်တို့အနေဖြင့် အကြံပြုပါသည်။ ၎င်းတို့သည် ချမ်းသာသောနိုင်ငံများ၏အတွေ့အကြုံများကို လေ့လာသင်ခန်းစာယူနိုင်ပြီး လာမည့်ဆယ်စုနှစ်များတွင် ကြုံတွေ့ရမည့်အသက်ကြီးသူများ လျင်မြန်စွာ များပြားလာမှုပြဿနာကို ဖြေရှင်းရာတွင် အခြေအနေ ကောင်းနိုင်စေရန်အတွက် တာရှည်ချမှတ်မည့် ပင်စင်မူဝါဒ၊ ကျန်းမာရေးမူဝါဒများချမှတ်နိုင်ရေး စိတ်အေးရမည်ဖြစ်ပါသည်။

ကာလရှည်စီမံကိန်းများ လိုအပ်သည့်အခြားသော ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနည်းတူ မူဝါဒချမှတ်သူများသည် အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သည်များကို ခန့်မှန်းကာ အနာဂတ်မျိုးဆက်များအား ကာကွယ်ရန် နည်းဗျူဟာများ ချမှတ်ရမည်ဖြစ်သည်။ အရှေ့အာရှနှင့် ပစိဖိတ်ဒေသသည် အသက်အရွယ်ကြီးရင့်သူများ အလျင်အမြန်တိုးပွားလာခြင်းကို စီမံခန့်ခွဲရင်း တစ်ဖက်ကလည်း စီးပွားရေးတိုးတက်မှု အရှိန်အဟုန်ကို ထိန်းသိမ်းထားနိုင်မည်ဟု အကောင်းမြင်စိတ်ဖြင့် ယုံကြည်မိပါသည်။

> “သက်ကြီးရွယ်အိုများလာခြင်းနှင့်ဆိုင်သော အခက်အခဲများကို ဆေးမြီးတိုနည်းဖြင့် ဖြေရှင်းခြင်းမှာ ဆွဲဆောင်မှုရှိသော်လည်း အကောင်းဆုံးဖြစ်မည့် ရှေ့လျှောက်လမ်းစဉ်မှာ ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်း၊ ပညာရေး၊ အလုပ်သမား ဈေးကွက်မူဝါဒများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးမှသည် နာတာရှည် စောင့်ရှောက်မှုအထိ ပြည်သူလူထု၏ တစ်ဘဝလုံးစာဖြစ်သည့် မိခင်ဝမ်းတွင်းမှသည် အိုမင်းပြီး နောက်ဆုံးချိန်ရောက်သည်အထိ စဉ်းစားပေးသည့် နည်းလမ်းပင်ဖြစ် ...”

**ယခုဆောင်းပါးသည် ကမ္ဘာ့ဘဏ် အရှေ့အာရှ ပစိဖိတ် ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ အက်ဇယ် ဗန် ထရော့ဆင်ဘာ့ဂ်၏ အာဘော်သာဖြစ်ပါသည်။ (စာတည်း)**

---

## ဆောင်းသီးနှံမျိုးစုံ လျာထားချက်ထက်ကျော်လွန်စိုက်ပျိုးနိုင်

**ကနီ ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ် ဆောင်းသီးနှံစုံစိုက်ပျိုးမှုမှာ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှသိရသည်။

“ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဆောင်းသီးနှံမျိုးစုံကို ၁၂၈၅၄၄ ဧကအမှန် စိုက်ပျိုးနိုင်ခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ခုနှစ် ဆောင်းသီးနှံစုံစိုက်ရာသီမှာ ဧက ၁၁၇၁၇၀ သတ်မှတ်လျာထားကာ စိုက်ပျိုးချိန်မီစိုက်ပျိုးစရိတ်ချေးငွေရရှိရေး ဆောင်ရွက်ပေးလို့ အခု ဒီဇင်ဘာ ၁၅ ရက်မှာ ၁၃၁၇၈၅ ဧက စိုက်ပျိုးပြီးဖြစ်တဲ့အတွက် သတ်မှတ်လျာထားချက်ထက် ၁၂ ရာခိုင်နှုန်းအထိ ကျော်လွန်စိုက်ပျိုးခဲ့ပါတယ်။

“ဒီနှစ် ဩဂုတ်လနဲ့ စက်တင်ဘာလတွေမှာ ချင်းတွင်းမြစ်ရေကြီးစဉ်က မြစ်ရေဝင်ရောက်တဲ့ဒေသတွေမှာ နုန်းတွေအရင်နှစ်ထက် ပိုမိုတင်ကျန်ခဲ့လို့ အချို့စိုက်ပျိုးချိန်နောက်ကျမှ စိုက်ပျိုးကြရမှာဖြစ်တဲ့အတွက် နောက်ထပ်ဧကတစ်ထောင်ကျော်ခန့် ဆက်လက်စိုက်ပျိုးနိုင်ဦးမှာဖြစ်ပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် စိုက်ပျိုးပြီးဆောင်းသီးနှံများအနက် ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ မြေပဲ၊ နေကြာနှင့် ပဲကြီးတို့ကို အများဆုံးစိုက်ပျိုးကြပြီး စားဖိုဆောင်သုံးဟင်းသီးဟင်းရွက်များ၊ အစေ့ထုတ်ပြောင်းနှင့် အဖူးစားပြောင်းများလည်း ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**

---

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဓာတ်ပုံနှင့်စာအုပ်ပြပွဲကျင်းပ

**ဂန့်ဂေါ ဒီဇင်ဘာ ၁၇**

(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဓာတ်ပုံပြပွဲနှင့်စာအုပ်ပြပွဲကို ဂန့်ဂေါခရိုင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဒီဇင်ဘာ ၁၆ ရက်က ဂန့်ဂေါမြို့နယ် နှမ်းခါးရွာ အလယ်တန်းကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၆၀၀ ကျော်နှင့် မွှေလယ်ရွာ အထက်တန်းကျောင်း၌ ကျင်းပရာ အထက်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် တို့က စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ဓာတ်ပုံပြပွဲတွင် နိုင်ငံတော်တည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းဓာတ်ပုံများ၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ သုတ၊ ရသ၊ မဂ္ဂဇင်းများကိုလည်းကောင်း ဝေဝေဆာဆာ ခင်းကျင်းပြသခဲ့ကြောင်းနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဒုတိယဦးစီးမှူး ဒေါ်အေးအေးက စာပေဖတ်ရှုလေ့လာခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ (၄၆၅)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အမျိုးသားစီမံကိန်းများကို ယခုထက်ပို၍ စနစ်တကျ သုံးသပ်ဆောင်ရွက်သွားကြရန် ဂွမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်တိုက်တွန်း

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ကျင်းပပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် ဥပဒေကြမ်း(၃)ခု မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံစာ(၁)ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သဘောတူညီထားသည့် **တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာကို** လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက ဆွေးနွေးကြသည်။

ဂွမဲဆန္ဒနယ်မှ ဦးကြည်သာက ယခု ၆ လပတ်တွင် ပို့ကုန်အားလုံး၏ ၂၅ ဒသမ ၉ ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍမှဖြစ်ပြီး စက်မှုကုန်ချောလုပ်ငန်းသည် ၈ ဒသမ ၈ ရာခိုင်နှုန်းသာရှိသည့်အတွက် မြန်မာနိုင်ငံတွင် စက်မှုကုန်ချောထုတ်လုပ်မှုသည် အလွန်အားနည်းနေပါကြောင်း၊ စက်မှုကဏ္ဍကို တိုးတက်အောင်လုပ်မည့်အခြေအနေသည် သီအိုရီအရ မှန်ကောင်းမှန်သော်လည်း လက်တွေ့အခြေအနေအရ ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ အမျိုးသားစီမံကိန်းများ အောင်မြင်မှသာ နိုင်ငံတော်တိုးတက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားစီမံကိန်းများကို ယခုထက်ပို၍ စနစ်တကျ သုံးသပ်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊ မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းနှင့် မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်တို့က အမျိုးသားစီမံကိန်း ဆောင်ရွက်မှုအစီရင်ခံစာအပေါ် သုံးသပ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**


ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ


ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း

ပြည်သူ့လွှတ်တော်အစည်းအဝေး

# လားရှိုးမြို့မှ သိန္နီမြို့အထိ အာဆီယံဟိုက်ဝေးလမ်းချဲ့မည်ဆိုပါက ပြည်သူများအား အသေးစိတ်ချပြပြီးမှသာ ဆောင်ရွက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၂၀)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပပြီး မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ(၁)ခု ဆွေးနွေးအတည်ပြုခြင်းနှင့် အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းများအား လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးမေးမြန်းသည့် အာဆီယံ ဟိုက်ဝေးလမ်း AH 14 နှင့် သုဝဏ္ဏလုပ်အားပေးအိမ်ရာကိစ္စရပ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြန်လည်ဖြေကြားသည်။

သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်၏ **လားရှိုးမြို့မှ သိန္နီမြို့အထိ အာဆီယံဟိုက်ဝေးလမ်း AH 14 လမ်းကို ဖောက်လုပ်ချဲ့နေဆဲဖြစ်ရာ လမ်းဖောက်ချဲ့မည်ဆိုပါက အစီအစဉ်များအားလုံး ပြည်သူများအား အသေးစိတ်ချပြ ဆွေးနွေးညှိနှိုင်းမှုများ ရှိ၊ မရှိနှင့် ပျက်စီးဆုံးရှုံးသွားသော ပြည်သူများ၏ ပိုင်ဆိုင်မှုများအားလုံးထိုက်တန်သော လျော်ကြေးငွေများပေးလျော်ရန် အစီအစဉ် ရှိ၊ မရှိနှင့် လျော်ကြေးငွေများပေးပါက မည်ကဲ့သို့ ပမာဏအတိုင်းအတာအထိ ပေးလျော်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် လားရှိုးမြို့ မိုင် (၁၇၃/၃) မှ သိန္နီမြို့ မိုင် (၂၀၅/၆) အထိအား အာဆီယံဟိုက်ဝေးလမ်း AH 14 လမ်းအဖြစ် ၄၈ ပေအကျယ် ၄ လမ်းသွားလမ်းမကြီးအဆင့် တိုးချဲ့ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။


ဒုတိယဝန်ကြီး ဦးစိုးတင့်


သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်

ယင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနနှင့် Oriental Highway Co.,Ltd တို့မှ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ပြည်သူများအား အသေးစိတ်ချပြပြီးမှသာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လမ်းတိုးချဲ့ခြင်းဆောင်ရွက်ရာတွင် သတ်မှတ်လမ်းနယ်နိမိတ်ပြင်ပ၌ လမ်းတိုးချဲ့ရ၍ ပျက်စီးဆုံးရှုံးမှုများရှိပါက ပျက်စီးဆုံးရှုံးသွားသော ပြည်သူများ၏ ပိုင်ဆိုင်မှုများအားလုံး ထိုက်တန်သောလျော်ကြေးပေးလျော်မည်ဖြစ်ပါကြောင်း၊ ပေးလျော်ရာတွင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းနှင့် လျော်ကြေးသတ်မှတ်ရေးကော်မတီက ညှိနှိုင်းပြီး ဆောင်ရွက်ထားသည့်အတိုင်း ပေးချေမည်ဖြစ်ပါကြောင်း။

လျော်ကြေးငွေများပေးပါက ပျက်စီးသွားသည့် ပြည်သူများ၏ လယ်ယာမြေလျော်ကြေးကိစ္စ၊ တိုက်တာအဆောက်အအုံ လျော်ကြေးကိစ္စများနှင့် ပတ်သက်၍ ပမာဏကို သေချာစွာစစ်ဆေးပြီး လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်အုပ်ချုပ်ရေးကော်မတီ၊ စည်ပင်သာယာရေးကော်မတီ စသည့်ကော်မတီများနှင့် စုပေါင်းပြီး လျော်ကြေးနှုန်းထားများကို သတ်မှတ်မည်ဖြစ်ပါကြောင်း၊ သတ်မှတ်ပြီးသည့် နှုန်းထားများကို သက်ဆိုင်ရာပြည်နယ်အစိုးရက အတည်ပြုပြီးသည့်အတိုင်း မိမိတို့ဝန်ကြီးဌာနမှ ပေးလျော်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏလုပ်အားပေးအိမ်ရာနေ**

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်းနှင့် **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကြမ်း**အား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၏ **ချင်းပြည်နယ် ထန်တလန်မြို့တွင် GSM ဖုန်းကို 2G စနစ်အစား 3G စနစ်ဖြင့် ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ထန်တလန်မြို့နယ် ဖာရွှန်ရွာတွင် GSM Tower တည်ဆောက်မှုပြီးစီးသွားပြီဖြစ်သဖြင့် ၂၀၁၅ ခုနှစ်မကုန်မီ အသုံးပြုနိုင်ရန် လိုအပ်သော စက်တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ချင်းပြည်နယ် ထန်တလန်မြို့တွင် 3G စနစ်တိုးချဲ့ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KSGM Co.,Ltd တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆက်သွယ်ရေးကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အစီအစဉ်အဆင့်(၃)တွင် လျာထားပါကြောင်း၊ ထန်တလန်မြို့နယ် ဖာရွှန်ရွာတွင် GSM တာဝါတည်ဆောက်ပြီးစီးပြီဖြစ်၍ ရေဒီယိုစက်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်လျာထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု၏ **လသာမြို့နယ် ပြည်သူပိုင်သိမ်း အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း အဆောက်အအုံ**


ဒုတိယဝန်ကြီး ဦးသောင်းတင်


ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း

**အကျိုးတူဆောက်လုပ်ရာတွင် မူလအခန်းပိုင်ရှင်အား အကျိုးတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အခန်းပြန်လည်ပေးအပ်ခြင်း မရှိသေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနသို့ အဆိုပါကိစ္စအား စိစစ်တင်ပြရန် အကြောင်းကြားခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဧပြီလ ၂၄ ရက်တွင် ကျင်းပသည့် ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ အမှတ်(၃)အခြေခံပညာဦးစီးဌာန၏ တင်ပြချက်အရ **မြန်မာမြကုမ္ပဏီသို့ အခန်းအပ်နှံရေးအတွက် စာဖြင့်အကြောင်းကြားရန်နှင့် မပေးပါက တရားစွဲဆိုရေးဆောင်ရွက်သွားရန်** ဆုံးဖြတ်ထားပါကြောင်း။

အဆိုပါ ဆုံးဖြတ်ချက်အရ ၂၀၁၅ ခုနှစ် ဇွန်လ ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ မြန်မာမြကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအဟုန်ထံသို့ အပ်နှံရန်ကျန်ရှိသော အခန်းများကို အမြန်ဆုံးပြန်လည်ပေးအပ်ရန်၊ ဌာနသို့လာရောက်ဆက်သွယ်ပေးရန်နှင့် ဆက်သွယ်ခြင်း၊ အခန်းပြန်လည်အပ်နှံခြင်း မပြုပါက တရားစွဲဆိုဆောင်ရွက်သွားမည်ဟု အကြောင်းကြားခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တရားမမှုအရ တရားစွဲဆိုနိုင်ရေးအတွက် တိုင်းဒေသကြီးဥပဒေအရာရှိထံသို့ သွားရောက်ညှိနှိုင်းခဲ့ပါကြောင်း၊ ဥပဒေအရာရှိမှ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေကြောင်းအရ တရားစွဲဆို၍ မရကြောင်း၊ နစ်နာသူများအနေဖြင့် တရားစွဲဆိုလိုပါက နစ်နာသူများဘက်မှသာ ကုမ္ပဏီသို့ တိုက်ရိုက်တရားစွဲဆိုနိုင်ကြောင်း ဥပဒေကြောင်းအရ အကြံပြုခဲ့မှုအား ရှင်းလင်းဖြေကြားသည်။

ထို့နောက် **ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

❖ စာမျက်နှာ ၇ မှ

**ပြည်သူများအား လွန်ခဲ့သောနှစ်က သက်ဆိုင်ရာက အိမ်ငှားရမ်းခများ တိုးမြှင့်သတ်မှတ်လာခြင်းနှင့် ပတ်သက်ပြီး မေးမြန်းခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ရှင်းလင်းဖြေကြားချက်ကို အကောင်အထည်ဖော်ရန်နှင့် မူလလုပ်အားပေးခဲ့သူ မိသားစုများမှ အိမ်ငှားခ ပုံမှန်ပေးသွင်းခဲ့သူများကိုလည်းကောင်း၊ မူလလုပ်အားပေးခဲ့သူများထံ ဝယ်ယူနေထိုင် ငှားရမ်းခပေးသွင်းသူများကိုလည်းကောင်း တရားဝင်အမည်ပြောင်းလဲပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အိမ်လခ ပြန်လည်သတ်မှတ်ညှိနှိုင်းရေးလုပ်ငန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီးပါက ၂၀၁၆ ခုနှစ်ဧပြီလ ၁ ရက်မှ စတင်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် စတင်ကောက်ခံရန် စီစဉ်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိ သုဝဏ္ဏအိမ်ရာတွင် နေထိုင်ကြသည့် လုပ်အားပေးခဲ့သည့် အငြိမ်းစားများအား အရာထမ်းအငြိမ်းစားလစာ၏ ၅ ရာခိုင်နှုန်း၊ အမှုထမ်းအငြိမ်းစားလစာ၏ ၃ ရာခိုင်နှုန်းကိုသာ ကောက်ခံခြင်းဖြစ်ပြီး ပမာဏကို ပြန်ကြည့်သည့်အခါ ငွေကျပ်တစ်ထောင်မှ သုံးထောင်အတွင်း ကောက်ခံခြင်းဖြစ်သည့်အတွက် သက်သာသော အိမ်လခနှုန်းထားများကို စတင်ခံစားနေကြပြီ ဖြစ်ပါကြောင်း။

မူလလုပ်အားပေးခဲ့သူ မိသားစုများမှ အိမ်လခပုံမှန်ပေးသွင်းခဲ့သူများသည် ခင်ပွန်း ကွယ်လွန်က ဇနီး၊ ဇနီးကွယ်လွန်က ခင်ပွန်း၊ ခင်ပွန်းနှင့်ဇနီးကွယ်လွန်က ကျန်ရှိသည့် သားသမီးများထဲမှ တစ်ဦးကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ တရားဝင် အမည်ပြောင်းလဲပေးခြင်းကို ဆောင်ရွက်ပေးနေပါကြောင်း၊ မူလလုပ်အားပေးခဲ့သူများထံမှ ဝယ်ယူနေထိုင် ငှားရမ်းခပေးသွင်းသူများကို အမည်ပြောင်းလဲပေးရန် အစီအစဉ်မရှိပါကြောင်း။

ဝယ်ယူနေထိုင်သူများသည် ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခွင့်မရှိသော အစိုးရ အိမ်ဥပစာကို ဝယ်ယူနေထိုင်ခြင်းဖြစ်ပါကြောင်း၊ သုဝဏ္ဏအိမ်ရာသည် ဌာနမှ စီမံခန့်ခွဲနေသည့် အငှားချအိမ်ခန်းများအနေဖြင့် အိမ်ခန်းတစ်ခန်းလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရကြောင်းကို အိမ်ငှားစည်းကမ်းစာချုပ်များတွင် ပါရှိပြီးဖြစ်ပါကြောင်း၊ ဝယ်ယူနေထိုင်သူများအနေဖြင့် ဝယ်ယူခွင့်မရှိသော အစိုးရအိမ်ဥပစာကို ဝယ်ယူနေထိုင်ခြင်းဖြစ်သည့်အတွက် တရားဝင်အမည်ပြောင်းလဲပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် သုဝဏ္ဏအိမ်ရာအိမ်ငှားခများကို ထပ်မံလျှော့၍ ကောက်ခံရန် စီစဉ်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် **ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာ**ကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကိုတင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲသည့် **ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညိုက အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

**(သတင်းစဉ်)**

❒ ရှေ့ဖုံးမှ

တစ်ခုအပါအဝင်ဖြစ်ပြီး ဆောက်လုပ်ချိန် နှစ်နှစ်အတွင်း အမြန်ဆုံးနှင့် စံချိန်စံညွှန်းကိုက်ညီစွာ ဆောက်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ယခင်အဆောက်အအုံက နှစ်ပေါင်း ၅၀ ကျော်သက်တမ်းရှိလာပြီး ဟောင်းနွမ်းယိုယွင်းလာတာကြောင့် အိမ်ရာများပြန်လည်ဖွံ့ဖြိုးရေးအစီအစဉ် အရ ပြည်ထောင်စုအစိုးရအဖွဲ့ကိုတင်ပြပြီး ခွင့်ပြုချက်ရယူကာ ပထမဦးဆုံး ဆောင်ရွက်ခဲ့တဲ့ Pilot Project ဖြစ်ပါတယ်" ဟု ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြောကြားသည်။

အဆိုပါ (၅၁) လမ်းအိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်း၊ (၅၁) လမ်းနှင့် လမ်း(၅၀) အကြားတွင်ရှိပြီး ၂ ဒသမ ၄၈၆ ဧကခန့် ကျယ်ဝန်းကာ မြေအမျိုးအစားမှာ အစိုးရမြေဖြစ်သည်။ မူလအိမ်ခန်းများ၏ အိမ်ရာနေထိုင်မှုစနစ်မှာ အငှားချဝန်ထမ်းအိမ်ရာများဖြစ်ပြီး နိုဝင်ဘာ ၁၅ ရက်က မူလပိုင်ရှင် ၂၂၄ ဦးအား အခန်းသော့များ ပြန်လည်အပ်နှံကာ နေထိုင်ခွင့်ပြုခဲ့ပြီး ဖြစ်သည်။

"နှစ်နှစ်အတွင်း ပြီးမှ ပြီးပါ့မလားလို့ တွေးပြီးစိုးရိမ်နေခဲ့တာ။ နေ့မနား ညမနားကြိုးစားပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း အနီးကပ်ကူညီခဲ့တယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ရန်ကုန်မြို့တော်စည်ပင် စတဲ့အဖွဲ့အစည်းတွေက ကူညီလို့သာ မြန်မြန်ပြီးသွားတာပါ။ အခုတိုက်မှာနေထိုင်ကြပြီဖြစ်တဲ့သူတွေအားလုံး အဆင်ပြေတယ်ပြောလို့ စိတ်ချမ်းသာရပါတယ်" ဟု မဟာနဝရတ်မြေဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပြောသည်။

၂၀၁၂ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးမှ မဟာနဝရတ်မြေ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် အောင်မြင်ပြည့်စုံဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်တို့ကို တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် ကုမ္ပဏီအဖွဲ့အစည်းများအဖြစ် ရွေးချယ်ခဲ့ပြီး လုပ်ငန်းအပ်နှံသည့်ဌာနနှင့် လုပ်ငန်းလက်ခံသည့်ကုမ္ပဏီများ အကြား လုပ်ငန်းသဘောတူ စာချုပ်ကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၄ ရက်က ချုပ်ဆိုခဲ့ပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် လုပ်ငန်းစတင်ရန် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

"ပုဂ္ဂလိကနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်တာကို တခြားပြည်ပတိုင်းပြည်တွေမှာလို လုပ်ကိုင်ဆောင်ရွက်တာ ဖြစ်ပါတယ်။ နိုင်ငံတော်က အခန်းတွေ ပြန်ယူပြီး မူလနေထိုင်သူတွေကို အခန်းတွေပြန်ပေးတာပါ။ ဒါ့အပြင် အခန်းပိုတွေထွက်လာတာကြောင့် တခြားလိုအပ်တဲ့ပြည်သူတွေကို ရောင်းချပေးနိုင်တဲ့အတွက် အိမ်ရာလိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်တင်းပေးနိုင်မှာပါ" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မီမီတင်ကပြောသည်။

စီးပွားရေးပညာရှင် ဒေါက်တာမောင်အောင်က "အစိုးရသစ်တက်လာပြီး ငါးနှစ်တာကာလအတွင်းမှာ တော်တော်လေးလုပ်လာတာ တွေ့ရတယ်။ အောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုတာကတော့ တစ်ဖက်မှာလည်း အားနည်းချက်တွေ၊ အားသာချက်တွေရှိတယ်။ လစာနည်းတဲ့ ဝန်ထမ်းတွေအတွက် အိမ်ရာစီမံကိန်းတွေ များများဖော်ဆောင်ပေးနိုင်လေ ကောင်းလေပါပဲ။ နိုင်ငံတကာမှာလည်း ဒီလိုပဲလုပ်ကြတယ်။ ရန်ကုန်မှာက လူဦးရေ ငါးသန်းကျော်လာပြီဆိုတော့ အိမ်ရာစီမံကိန်းတွေက မလုပ်လို့ကို မရတော့ဘူး" ဟု သုံးသပ်ပြောကြားသည်။

စီမံကိန်းစတင်ရန် တိုက်ဟောင်းများဖြိုဖျက်မှု မပြုလုပ်ခင်ကတည်းက ကုမ္ပဏီများအနေဖြင့် ခေတ်ကာလနှင့်လျော်ညီသော အိမ်ငှားစရိတ်များနှင့် ပြောင်းရွှေ့စရိတ်များ ထုတ်ပေးခဲ့ကြောင်း၊ ပြောင်းရွှေ့စရိတ်မယူလိုသူများအတွက် ခေတ္တနေထိုင်ရန် စီစဉ်ပေးခဲ့ကြောင်း အိမ်ရာနေထိုင်သူများထံမှ သိရသည်။

တိုက် (အေ)တွင် ပြန်လည်နေထိုင်နေပြီဖြစ်သည့် ဦးဝင်းနိုင်က "ပြောင်းရွှေ့စရိတ်က တစ်လကို တစ်သိန်းခွဲနဲ့ နှစ်နှစ်စာ ၃၆ သိန်းပေးတယ်။ တစ်သိန်းခွဲမလိုချင်တဲ့သူကို ယုဇနမှာ ထားပေးတယ်။ စရိတ်လည်း ပေးတယ်။ အခြားမှာနေတဲ့သူတွေကိုလည်း အိမ်ငှားခပေးတယ်။ နောက်လေးလအတွက် ကိုးသိန်းထပ်ပေးတယ်။ ပြောင်းရွှေ့တဲ့အခါမှာလည်း အလုပ်သမားရော၊ ကားရောကူညီပြီးပြောင်းပေးပါတယ်။ အခု ပြန်ပြောင်းလာ ပြန်တော့လည်း အဲဒီလိုပဲလုပ်ပေးတာပါ။ အစစအရာရာ အဆင်ပြေပါတယ်"ဟု ပြောသည်။

(၅၁) လမ်းအိမ်ရာ၏ မူလအခန်းအကျယ်မှာ စတုရန်းပေ ၃၈၀ ဖြစ်ပြီး ရှစ်ခန်းတွဲ လေးထပ်တိုက် ခုနစ်လုံးတွင် စုစုပေါင်းအခန်းအရေအတွက်မှာ ၂၂၃ ခန်းနှင့် ရုံးခန်းတစ်ခန်းသာရှိခဲ့ရာမှ ယခု အသစ်တည်ဆောက်ပြီးစီးခဲ့သည့် အိမ်ရာစီမံကိန်းတွင် ၁၂ ထပ်ခွဲ အဆောက်အအုံနှစ်လုံး၊ ၁၅ ထပ်ခွဲ အဆောက်အအုံ နှစ်လုံးပါဝင်ပြီး စီမံကိန်းဧရိယာအတွင်း လူနေအိမ်ခန်းပေါင်း ၅၀၈ ခန်းအထိ ပါဝင်ကာ အခန်းအကျယ်များမှာ စတုရန်းပေ ၆၀၀ မှ စတုရန်းပေ ၁၈၀၀ အထိရှိကြောင်းနှင့် ပြန်လည်ပေးအပ်ခဲ့သော အခန်းများမှာ စတုရန်းပေ ၆၀၀အကျယ်ရှိသော အခန်းများဖြစ်ကြောင်း သိရသည်။



(၅၁) လမ်း အိမ်ရာအဆောက်အအုံအတွင်းပိုင်းမြင်ကွင်း။

" ၁၉၇၀ ခုနှစ်ကတည်းက ဒီမှာနေခဲ့တာ။ အဖေက ရေနံကဝန်ထမ်းဆိုတော့ အဖေ့နာမည်နဲ့ရခဲ့တာ။ ဝန်ထမ်းအိမ်ရာဖြစ်တော့ ပြန်ရမယ်ဆိုတာသိတယ်။ အစည်းအဝေးမှာလည်း ပြောလို့သိပါတယ်။ အရင်အခန်းထက်ပိုကျယ်လာတယ်။ အခန်းတစ်ခန်းလည်း ပိုလာတဲ့အတွက် မိသားစုကျယ်ကျယ်ဝန်းဝန်း နေလို့ရတယ်။ လှေကားအတက်အဆင်းကအစ အဆင်ပြေတဲ့အတွက် စိတ်ချမ်းသာတယ်။ လေကောင်း လေသန့်လည်းရတယ်" ဟု အောင်မြင်ပြည့်စုံကွန်ဒိုတွင် ပြန်လည်နေထိုင်လျက်ရှိသော ဒေါ်တင်တင်ရွှေက ပြောသည်။

" အစက ဝန်ထမ်းတွေရော၊ ပြည်သူတွေပါနေတဲ့ ပြည်သူ့အိမ်ရာပါ။ အခု ပြည်နယ်နဲ့တိုင်းဒေသကြီး အားလုံးမှာ အငှားအိမ်ရာဆိုပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ အဲဒါတွေပြီးသွားတာနဲ့ တစ်ပြိုက်နက် ဒီအိမ်ရာမှာနေတဲ့သူတွေကို နှုန်းထားတစ်ခုသတ်မှတ်ပြီး ကောက်သွားဖို့ ရှိပါတယ်။အရောင်းအိမ်ရာတွေက သိန်း ၁၂၀ ကျော်တဲ့အခါကျတော့ အခြေခံလူတန်းစားတွေမဝယ်နိုင်ဘူး။ ဒါကြောင့် ဒီအိမ်ရာမှာ မူလနေထိုင်ခဲ့သူတွေအတွက်ကတော့ အငှားအိမ်ရာစနစ်ပါ။ ကုမ္ပဏီတွေဘက်ကတော့ အရောင်းအိမ်ရာစနစ်ဖြစ်ပါတယ်" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မီမီတင်ကပြောသည်။

တိုက်အဆောက်အအုံအရည်အသွေးပိုင်းနှင့် ကြံ့ခိုင်မှုရှိရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝါရင့်ကျွမ်းကျင် အင်ဂျင်နီယာကြီးများ ပါဝင်သောအဖွဲ့မှ တစ်လွှာချင်းစီအလိုက် စစ်ဆေးမှုများ ပုံမှန်ပြုလုပ်ခဲ့ပြီး နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်းလည်း သိရသည်။

"ဖောင်ဒေးရှင်းကစပြီးတော့ အထပ်မြင့်တွေအထိ တစ်လွှာပြီးတစ်လွှာ နိုင်ငံတကာမှာ သုံးတဲ့နည်းစနစ်တွေနဲ့အညီ စစ်ဆေးခဲ့ပါတယ်။ နိုင်ငံတော်နဲ့ လုပ်တဲ့ အဆောက်အအုံဖြစ်တဲ့အတွက် အဆောက်အအုံတွေ ဆောက်လုပ်မယ်ဆိုရင် အရည်အသွေးစစ်တဲ့ ပညာရှင်တွေ အခုလိုထည့်ပေးထားတဲ့အတွက် သူတို့ရဲ့ စစ်ဆေးလမ်းညွှန်မှုကြောင့် အဆောက်အအုံတွေ ပိုပြီးခိုင်ခံ့မှုရှိပါတယ်" ဟု စစ်ဆေးရေးအဖွဲ့မှ လုပ်သက်အတွေ့အကြုံ ၄၂ နှစ်ရှိပြီဖြစ်သည့် ဦးမြင့်ဆွေကပြောသည်။

အဆိုပါစီမံကိန်းအတွက် နိုင်ငံတော်မှ မြေတန်ဖိုးရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ငွေကျပ်သိန်း ၁၂၉၉၅၀ ဖြစ်ကာ လုပ်ငန်းလက်ခံသူ ကုမ္ပဏီများဘက်မှ အဆောက်အအုံနှင့် Infrastructure လုပ်ငန်းများ ဆောက်လုပ်မှု ကုန်ကျစရိတ်အတွက် ရင်းနှီးမြှုပ်နှံရမည့်တန်ဖိုးမှာ ငွေကျပ်သိန်း ၁၄၉၀၀၀ ရှိသဖြင့် နိုင်ငံတော်နှင့် ကုမ္ပဏီတို့၏ ရင်းနှီးမြှုပ်နှံမှုမှာ ၄၆ ဒသမ ၆ အချိုး ၅၃ ဒသမ ၄ ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယခုအခါ ဆောက်လုပ်ရေး ကုမ္ပဏီနှစ်ခုစလုံးမှ အသစ်တည်ဆောက်ခဲ့သည့် ၁၂ ထပ်ခွဲ ကွန်ဒိုမီနီယမ်နှစ်ခုလုံးမှာ ၉၈ ရာခိုင်နှုန်းစီ လုပ်ငန်းပြီးစီးခဲ့သဖြင့် ရေနှင့် မီးရရှိရေးအတွက် အဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခန်းနေပြည်သူများ ရေဖူလုံစွာရရှိစေရန်အတွက် မူလသွယ်တန်းထားသည့် ဂျိုးဖြူပိုက်လိုင်းမှရေအပြင် စက်ရေတွင်းနှစ်တွင်းလည်း တူးဖော်ပေးထားကြောင်း၊ လျှပ်စစ်မီးရရှိရေးအတွက် ကုမ္ပဏီများစုပေါင်းပြီး ဓာတ်အားခွဲရုံ တည်ဆောက်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အောင်မြင်ပြည့်စုံ ကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ ကိုကောင်းထက်မော်ကပြောသည်။

ထို့အပြင် အိမ်ရာစီမံကိန်းတွင် နေထိုင်သူများ အပန်းဖြေအနားယူနိုင်ရန် ကလေးကစားကွင်းများ၊ ကော်ဖီဆိုင်များ၊ ဘိလိယက်ကစားရန်နေရာများ၊ ကျန်းမာရေးအတွက် အားကစားလေ့ကျင့်ရေးခန်းမများ၊ ရေကန်ငယ်များ စသည်ဖြင့် ထည့်သွင်းဆောက်လုပ်ထားသည့်အပြင် ရုံးခန်းများ၊ ကျယ်ဝန်းသော ကားပါကင်များပါဝင်သည့် အဆောက်အအုံများဖြင့် အစားထိုးတည်ဆောက်နိုင်မှုကြောင့် လူဦးရေသိပ်သည်းမှုကို Densification နည်းဖြင့် ဖြည့်ဆည်းပေးနိုင်သည့်အပြင် နိုင်ငံ၏ အိမ်ရာလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်သည့် အိမ်ရာစီမံကိန်းတစ်ခုဖြစ်ကြောင်းလည်း သိရသည်။

"ကျွန်တော်က ဗိုလ်တထောင် ၅၁ လမ်း အိမ်ရာမှာမွေးပြီး ကြီးပြင်းခဲ့တာဆိုတော့ အိုဟောင်းတဲ့ အိမ်ရာကနေ အခုလို ခေတ်မီတဲ့တိုက်ခန်းမှာ နေထိုင်ရတဲ့အပေါ်မှာ လောလောဆယ်ခံစားရမှုကို ပြောပြရရင် ရေမီးပြည့်စုံတယ်။ ဓာတ်လှေကားပါတဲ့အတွက် အသက်ကြီးတဲ့သူတွေ အတွက် အဆင်ပြေတယ်။ အလယ်မှာ လေဝင်လေထွက်ကောင်းတယ်။ အခန်းအတွင်းပိုင်းကတော့ သူကြိုက်/ကိုယ်ကြိုက် ပြင်ဆင်နိုင်ပါတယ်။ လက်ရှိနေသူတွေကို အဝေးလွင့်မသွားစေဘဲ မူလရှိတဲ့နေရာမှာပဲ အဆင့်တန်းမြင့်မြင့်နေနိုင်အောင်၊ ပြန်နေခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"ဟု မဟာနဝရတ်မြေ အဆောက်အအုံဘက်အခြမ်းတွင် နေထိုင်သည့် ကိုစိုးမင်းက ပြောသည်။

ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တည်ဆောက်ခဲ့သော (၅၁) လမ်းအိမ်ရာသည် မြို့ပြအင်္ဂါရပ်နှင့်အညီ ခေတ်မီခမ်းနားစွာ ပေါ်ထွက်လာသကဲ့သို့ အဆိုပါ အိမ်ရာနေ ပြည်သူများအတွက်လည်း လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(၅၁) လမ်း အဆင့်မြင့်အိမ်ရာတွင် နေထိုင်သူဦးဝင်းနိုင်က "ဒီလောက်ကောင်းတဲ့ အဆောက်အအုံကြီးနဲ့ ဓာတ်လှေကားကြီးတွေ ဖြစ်လာမယ်လို့ ထင်မထားပါဘူး။ အရင်နေခဲ့ရတာနဲ့ နှိုင်းယှဉ်ရင် လူနေမှု အဆင့်အတန်းက ခေတ်မီသွားတယ်။ လွန်ခဲ့တဲ့နှစ်နှစ်က ဒီနေရာမှာရှိတဲ့ တိုက်ခန်းဈေးနှုန်းနဲ့ ယခုပေါက်တဲ့ တိုက်ခန်းဈေးနှုန်းက အများကြီး ကွာခြားသွားပါပြီ" ဟု ပြောသည်။

လက်ရှိ နိုင်ငံတော်အစိုးရအဖွဲ့ တာဝန်ယူစဉ် ဖော်ဆောင်လျက်ရှိသည့် အိမ်ရာစီမံကိန်းများနှင့် စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်က "အိမ်ရာစီမံကိန်းတွေ ဖော်ဆောင်တဲ့အခါမှာ တိုက်ခန်းဈေးနှုန်းတွေက မြင့်မားတာကြောင့် ဝင်ငွေနည်းပါးတဲ့လူထုအတွက် ဝယ်နိုင်ဖို့ အခက်အခဲရှိပါတယ်။ တန်ဖိုးနည်းလို့ဆိုပေမယ့် သာမန်ပြည်သူတွေက မဝယ်နိုင်ကြသေးပါဘူး။ ပြည်ပနိုင်ငံတွေ မှာဆိုရင် အငှားအိမ်ရာ စနစ်တွေရှိတယ်။ အစိုးရက မြို့လယ်မှာကို အငှားချထားပေးတာ။ ကျွန်တော်တို့ နိုင်ငံမှာလည်း အဲ့ဒီလို အငှားအိမ်ရာတွေများများလုပ်ပေးနိုင်ရင် လူအများနေနိုင်တဲ့ အနေအထားရောက်သွားမယ်" ဟု ၎င်း၏ အမြင်ကို သုံးသပ်ပြောကြားသည်။

ရန်ကုန်မြို့ (၅၁) လမ်းရှိ အဝါရောင်တိုက်အိုကြီးများသည် သမိုင်းတစ်ခေတ်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။ရန်ကုန်မြို့တော်၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ (၅၁) လမ်းအိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဖော်ဆောင်ခဲ့သည့် (၅၁) လမ်း အဆင့်မြင့်အိမ်ရာများသည် နေ့သစ်၏ ရောင်ခြည်နှင့်အတူ ခံ့ညားထည်ဝါစွာ ပေါ်ထွက်လာခဲ့ပါပြီ။ ။

# ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၂၁)ကြိမ်မြောက် ညီလာခံနှင့် ကျိုတိုနောက်ဆက်တွဲစာချုပ်အဖွဲ့ဝင်နိုင်ငံများဆိုင်ရာ (၁၁)ကြိမ်မြောက် အစည်းအဝေး ပါရီ၌ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအတွင်းရေးမှူးရုံးမှ ကြီးမှူး၍ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ ကျင်းပသည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံများ၏ (၂၁)ကြိမ်မြောက် ညီလာခံ (COP 21) နှင့် ကျိုတိုနောက်ဆက်တွဲ စာချုပ်အဖွဲ့ဝင်နိုင်ငံများဆိုင်ရာ (၁၁)ကြိမ်မြောက် အစည်းအဝေး (CMP 11) သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဦးဆောင်ပြီး ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်၊ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟန်သူတို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင် ၁၈ ဦး တက်ရောက်ခဲ့ကြသည်။

COP 21 ညီလာခံနှင့် CMP 11 အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပရာ ၂၀၁၄ ခုနှစ်က ကျင်းပခဲ့သည့် COP 20 ညီလာခံ၏ သဘာပတိ ပီရူးနိုင်ငံ ပတ်ဝန်းကျင်ဝန်ကြီး H.E. Mr. Manuel Pulgar –Vidal၊ COP 21 ညီလာခံ၏ သဘာပတိ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Laurent Fabius၊ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှုဆောင်အတွင်းရေးမှူး Ms. Christiana Figueres နှင့် ဗြိတိန်နိုင်ငံ ဝေလမင်းသားတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ညီလာခံ၏ နိုင်ငံအကြီးအကဲများအစည်းအဝေး (Leaders Event)ကို နံနက် ၁၁ နာရီတွင် ကျင်းပရာ နိုင်ငံအကြီးအကဲများနှင့် နိုင်ငံကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြပြီး ပြင်သစ်နိုင်ငံ သမ္မတ H.E. Mr. Francois Hollande ၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr. Ban Ki-moon နှင့် COP 21 ညီလာခံ၏ သဘာပတိ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Laurent Fabius တို့က အဖွင့်အမှာစကားပြောကြားကြသည်။ ထို့နောက် နိုင်ငံအကြီးအကဲများက ရာသီဥတုပြောင်းလဲမှုဆိုင်ရာ Leader Statementများကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံမှ ဦးဆောင်ကျင်းပသည့် Launch of the International Solar Alliance သို့ တက်ရောက်လေ့လာခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပသည့် သိပ္ပံနှင့်နည်းပညာအကြံညဏ်များဆိုင်ရာ အကူလုပ်ငန်းအဖွဲ့၏(၄၃)ကြိမ်မြောက်အစည်းအဝေး၊ အကောင်အထည်ဖော်ခြင်းဆိုင်ရာ အကူလုပ်ငန်းအဖွဲ့၏ (၄၃)ကြိမ်မြောက်အစည်းအဝေး၊ ဒါဘမ်ဆုံးဖြတ်ချက်ဆိုင်ရာလုပ်ငန်းအဖွဲ့၏ ဒုတိယအပိုင်း (၁၂)ကြိမ်မြောက်အစည်းအဝေးများအပါအဝင် G77+China နှင့် LDC နိုင်ငံများဆိုင်ရာအစည်းအဝေးများသို့ တက်ရောက်ခဲ့ကြသည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်နှင့်ပတ်သက်သော အစည်းအဝေး(ITTO)နှင့် ပူးပေါင်း၍ “REDD+ within INDC ; Governance Lessons Leaint From Community Forest Management in the Tropic ”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဥရောပသမဂ္ဂ၏ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာမိတ်(Global Climate Change Alliance-GCCA) ဆွေးနွေးပွဲတွင် မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ထားမှုအခြေအနေ (Myanmar Climate Change Alliance – MCCA) ခေါင်းစဉ်ဖြင့် လည်းကောင်း Panelist များအဖြစ် ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**



**ဦးတင်ရဲဝင်း(ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန)**

**❂ကချင်ပြည်နယ်မှ**

တင်သွင်းခွင့်လိုင်စင်ထုတ်ပေးလျက်ရှိရာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းခွင့်တင်ပြလာမှုများကိုလည်း စိစစ်၍ ခွင့်ပြုပေးလျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းခွင့်ရသည့် ယာဉ်၊ ယန္တရားများကို အကောက်ခွန်ဦးစီးဌာနမှ တင်သွင်းခွင့်လိုင်စင်နှင့် တိုက်ဆိုင်စစ်ဆေး၍ မှန်ကန်မှုရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အခွန်ကောက်ခံလျက်ရှိကြောင်း သိရသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ ၉၄ မိုင်ခန့်အကွာရှိ ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းမှတရားဝင် တင်သွင်းခွင့်ပြုခဲ့သော ယာဉ်၊ ယန္တရားများသည် တင်သွင်းခွင့်လိုင်စင်နှင့် သွင်းကုန်ကြေညာလွှာ စာရွက်စာတမ်းအထောက်အထားများ ပြည်စုံစွာပါရှိက ယာဉ်နံပါတ်မရှိသေးသော်လည်း မြစ်ကြီးနားမြို့သို့ မောင်းနှင်ခွင့်ရရှိကြောင်း၊ အဆိုပါယာဉ်၊ ယန္တရားများကို တင်သွင်းခွင့်ရရှိပြီး ၂၁ ရက်အတွင်း၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်မှသာ ယာဉ်နံပါတ်များ ရရှိခြင်းဖြစ်၍ ၎င်းနေရာနှင့် အချိန်အတွင်း ယာဉ်နံပါတ်မပါရှိသေးသော ယာဉ်အားလုံးကို တရားမဝင်ဟု သတ်မှတ်၍မရနိုင်ကြောင်း ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်း၏ ပြောကြားချက်အရ သိရသည်။

ယာဉ်၊ ယန္တရားများ တရားဝင်ခြင်းနှင့် တရားမဝင်ခြင်းကို တင်သွင်းခွင့်လိုင်စင်နှင့် သွင်းကုန်ကြေညာလွှာအား တိုက်ဆိုင်စစ်ဆေးမှုဖြင့် သိရှိနိုင်ကြောင်း၊ တင်သွင်းခွင့် ၂၁ ရက်ကျော်လွန်ပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဥပဒေနှင့်အညီ စိစစ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ယာဉ်၊ ယန္တရားများ တရားမဝင်ရောက်ရှိနေမှုများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေဖြင့် စစ်ဆေးအရေးယူလျက်ရှိကြောင်း၊ အကြမ်းအားဖြင့် ယာဉ်များအားလုံး နံပါတ်ပါရှိကြသော်လည်း ကညန၏ နံပါတ်များနှင့် တိုက်ဆိုင်စစ်ဆေးနိုင်ကြောင်း၊ ယန္တရားအုပ်စုမှာ လုပ်ငန်းသုံးဖြစ်၍ နံပါတ်မပါသော်လည်း အင်ဂျင်နံပါတ်နှင့် တိုက်ဆိုင်စစ်ဆေးနိုင်ကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့်လည်း Mobile Team အဖွဲ့ဖြင့် စစ်ဆေးကြပ်မတ်လျက်ရှိပြီး တရားမဝင်ကုန်သွယ်မှုများ စစ်ဆေးတွေ့ရှိပါက ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူလျက်ရှိကြောင်း၊ ယခုအခါ တရားမဝင် ယာဉ်အစီးရေ ၇၀၀ ကျော် ထိန်းသိမ်းရရှိသဖြင့် လေလံစနစ်ဖြင့် ပြန်လည်ရောင်းချ၍ နိုင်ငံတော် ဘဏ္ဍာငွေရရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် ကချင်ပြည်နယ်ဖားကန့်ဒေသသို့ ရောက်ရှိနေသော ယာဉ်၊ ယန္တရားများသည် တရားဝင်တင်သွင်းခြင်း ဟုတ်၊ မဟုတ်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစီးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် ကချင်ပြည်နယ် ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းမှ ယာဉ်၊ ယန္တရားများ တင်သွင်းခွင့်ကိုလည်း ခေတ္တဆိုင်းငံ့ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**ကချင်ပြည်နယ် ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် သွင်းကုန်လိုင်စင်ဖြင့် ရောက်ရှိနေသည့် မော်တော်ယာဉ်များ။**



# အမျိုးသား၊ အမျိုးသမီး တန်းတူရှိမှုနှင့် ခွဲခြားမှုမရှိဘဲ ပေါင်းစည်းဆောင်ရွက်နိုင်မှုဖြင့် နိုင်ငံ့စွမ်းအား တိုးတက်မြင့်မားစေရေး အဆင့်မြင့်အရာရှိများ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ ပူးပေါင်းပြီး အမျိုးသား၊ အမျိုးသမီး တန်းတူရှိမှုနှင့် ခွဲခြားမှုမရှိဘဲ ပေါင်းစည်းဆောင်ရွက်နိုင်မှုဖြင့် နိုင်ငံ့စွမ်းအား တိုးတက်မြင့်မားစေရေး အဆင့်မြင့်အရာရှိများ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် နေပြည်တော် အမရဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမရနှင့် UN Women Myanmar မှ ဥက္ကဋ္ဌ Dr. Jean D’Qunha တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်များ၊ UN Women မှ ဘာသာရပ်ကျွမ်းကျင်သူများ၊ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊မီးသတ်ဦးစီးဌာန၊အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ အရာရှိများ တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် Gender သတ်မှတ်ချက်များ၊ လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့်အမျိုးသား၊ အမျိုးသမီးတို့အကြား ခြားနားသောတာဝန်ထမ်းဆောင်မှု၊ အမျိုးသား၊ အမျိုးသမီးပေါင်းစည်းတာဝန်ထမ်းဆောင်မှုအတွက် အခြေခံလိုအပ်ချက်များ၊ မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများ၊ အထူးသဖြင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်ရသောအဖွဲ့အစည်းများတွင် ဖြစ်ပေါ်နေသော ကျား/မ ခွဲခြားမှုနှင့် စပ်လျဉ်းသည့် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများ၊ သတိပြုရန် အချက်များကို ရှင်းလင်းဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ ပြည်သူများ၏ သဘောသဘာဝနှင့်ကိုက်ညီသော အမျိုးသား၊ အမျိုးသမီး ပေါင်းစည်းတာဝန်ထမ်းဆောင်မှုတို့နှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် ညနေ ၅ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက နိဂုံးချုပ်ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ရန်ကုန်ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အလှူမင်္ဂလာဈေးရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် အလှူ မင်္ဂလာဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၉ ရက်(စနေနေ့)တွင် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အလှူမင်္ဂလာဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီမှ စတင်ရောင်းချမည်ဖြစ်ပြီး ညနေ ၄ နာရီခွဲတွင် ဇီဝိတဒါန “ရတုပိုဒ်စုံ”ဖြင့် အခမ်းအနားဖွင့်လှစ်ခြင်း၊ ညပိုင်းတွင် အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေခြင်းများနှင့်အတူ စားသောက်ဖွယ်ရာ ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း၊ ပျော်ရွှင်စရာကစားနည်းများ ပါဝင်ဆင်နွှဲခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

(၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိညီလာခံကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က အမှာစကားပြောကြားရာတွင် နှစ်စဉ်ကျင်းပခဲ့သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

(၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာအသင်းတို့မှ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပလူမှုရေးအသင်းအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြမည်ဟု သိရှိရပါကြောင်း၊ ညီလာခံကို လုံခြုံအေးချမ်းစွာ၊ အဆင်ပြေစွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီဝင်များအနေဖြင့် လိုအပ်သည့်ကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ညီလာခံကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ဦးစီးကော်မတီဝင်များက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ဒီဇင်ဘာ ၂၉ ရက်တွင် လည်းကောင်း၊ တိုင်းရင်းဆေးပညာရှင်များနှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၃၀ ရက်တွင်လည်းကောင်း နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ **နိုင်ငံတကာမှ**




**SRT 1 ယာဉ်လိုင်းမှ ယာဉ်တစ်စီးအားတွေ့ရစဉ်။**

AFC စနစ်ပါဝင်သော K card ဖြင့် အလိုအလျောက်ယာဉ်စီးခပေးချေနိုင်သည့်ပုံစံဆိုသည်မှာ ခရီးသည်များ ယာဉ်ပေါ်သို့ စတင်ရောက်ရှိချိန်တွင် မိမိရောက်ရှိနေသောမှတ်တိုင်အမည်ကို မြင်တွေ့ရမည်ဖြစ်ပြီး ခရီးသည်များ၏ K Card ကို စက်ပေါ်သို့ ပြလိုက်လျှင် လက်ကျန်တန်ဖိုးကိုစက်မှ စစ်ဆေးမည်ဖြစ်သည်။ အများဆုံးပေးချေရမည့်တန်ဖိုး လုံလောက်လျှင် စက်မှကတ်အတွင်းသို့ ယာဉ်ပေါ်တက် မှတ်တမ်းရေးသွင်းမည်ဖြစ်သည်။ ထိုမှတ်တမ်းတွင် ရောက်ရှိရာအချိန်၊ နေ့စွဲတို့ ပါရှိမည်ဖြစ်သည်။

ခရီးသည်များ မော်တော်ယာဉ်ပေါ်မှ ဆင်းသောအချိန်တွင်လည်း K Card ကို စက်ပေါ်သို့ နောက်တစ်ကြိမ်ပြရပါမည်။ ထိုအခါ စက်မှ တက်ခဲ့သောမှတ်တိုင်နှင့် ဆင်းသောမှတ်တိုင် အကွာအဝေးကိုတွက်ချက်၍ သတ်မှတ်ထားသောယာဉ်စီးခနှုန်းထားကို အလိုအလျောက် ကောက်ခံသွားမည်ဖြစ်သည်။ သို့ရာတွင် ယာဉ်ပေါ်မှအဆင်း ခရီးသည်က စက်ပေါ်သို့ မပြမိပါက မည်သည့်အကွာအဝေးမဆို အမြင့်ဆုံးယာဉ်စီးခနှုန်းထားအတိုင်း စက်မှ ကောက်ခံသွားမည်ဖြစ်သည်။ ယာဉ်စီးခနှုန်းထားများကိုမူ လက်ရှိသတ်မှတ်ချက်ပေါ် အခြေခံ၍ သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းများ၏ မူဝါဒအတိုင်းသတ်မှတ်သွားမည်ဟု သိရသည်။

ယင်းစနစ်ပါဝင်သော SRT 1 ယာဉ်လမ်းကြောင်းကို လာမည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ယခုပြေးဆွဲလျက်ရှိသည့် ဗိုလ်တထောင်-ဆူးလေ-ကမ္ဘာအေး-အောင်မင်္ဂလာမှတ်တိုင်များတွင် စတင်အသုံးပြုမည်ဖြစ်သည်။ ခရီးသည်က အဆိုပါမော်တော်ယာဉ်ပေါ်သို့ စီးနင်းချိန်တွင် K Card မပါရှိဘဲ ငွေသားစနစ်ဖြင့် ပေးချေလိုပါကလည်း ပေးချေနိုင်သည်ဟုသိရသည်။ သို့သော် ငွေသားဖြင့် ပေးချေပါက ခရီးစဉ်အစ၊ အဆုံး သတ်မှတ်ထားသောနှုန်းထားအတိုင်း ငွေသားပုံးထဲသို့ ပေးချေရမည်ဖြစ်ကာ အပိုငွေအား ပြန်အမ်းမည်မဟုတ်ဟု သိရသည်။ ငွေသားဖြင့်ပေးချေပြီးပါက ငွေလက်ခံဖြတ်ပိုင်းရရှိမည်ဖြစ်ကာ ယင်းလက်ခံပေါ်တွင် ယာဉ်လိုင်းအမည်၊ ခရီးစဉ်အမှတ်၊ နေ့စွဲ၊ အချိန်၊ ကျသင့်ငွေနှင့် ဝန်ဆောင်မှု ဖုန်းနံပါတ်များပါရှိမည်ဖြစ်သည်။

K Card ကို ဝယ်ယူလိုပါက မှတ်တိုင်များအနီးတစ်ဝိုက် K Card ဆိုင်းဘုတ်ရှိသော ဆိုင်များတွင် မှတ်ပုံတင်၍ ဝယ်ယူငွေဖြည့်ခြင်းများ ပြုလုပ်နိုင်မည်။ ကတ်တစ်ကတ်တန်ဖိုးမှာ ငွေကျပ် ၁၀၀၀ ကျခံရမည်ဖြစ်သည်။ ကတ်စတင်ဝယ်ယူချိန်မှ (၂)နှစ်သက်တမ်းဖြင့် အသုံးပြုနိုင်မည်။ သက်တမ်းကုန်ပါက ကတ်အသစ် ပြန်ဝယ်ယူရမည်။ ကတ်ထဲတွင် အများဆုံးငွေသား ၅၀၀၀၀ ထိ ထည့်သွင်းနိုင်ပြီး တစ်ကြိမ်ငွေဖြည့်လျှင် အနည်းဆုံးငွေကျပ် ၁၀၀၀ ဖြည့်သွင်းရမည်။ ကတ်ပျောက်သွားပါက သက်ဆိုင်ရာရုံးသို့ လာရောက်လျှောက်ထားနိုင်သော်လည်း အနည်းဆုံး နှစ်ရက်စောင့်ဆိုင်းရမည်ဖြစ်ပြီး ဝန်ဆောင်စရိတ်ပေးရမည်ဖြစ်သည်။

SRT 1 ယာဉ်လိုင်းခရီးစဉ်အနေဖြင့် ယာဉ်စီးရေ ၂၀ ကျော်ဖြင့် ၂၀၁၅ ခုနှစ် မေ ၃ ရက်က စတင်ဆောင်ရွက်ခဲ့ကာ အသွားအပြန်အခေါက်ရေ ၁၂၀ ခန့်ဖြင့် နေ့စဉ်လူဦးရေ ၄၅၀၀ ခန့်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ အခြားယာဉ်လိုင်းများနှင့်မတူဘဲ ၁၀ မိနစ်ကြား တစ်စီးထွက်ခြင်း၊ ကျော်တက်ခြင်းမရှိဘဲ အစီအစဉ်အလိုက် သွားစေခြင်း၊ မှတ်တိုင်၌သာရပ်စေခြင်းစသည့် လုံခြုံမှုများရရှိစေသလို၊ ကားများပေါ်တွင်လည်း လုံခြုံရေးအတွက် CCTV စောင့်ကြည့်ကင်မရာ ခုနစ်လုံးကို တပ်ဆင်ထားသည်။ ထို့ကြောင့် လမ်းကြောင်းပေါ်ရောက်ရှိနေသည့် ကားများကို ရုံးချုပ်မှ ကြည့်ရှုထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

AFC စနစ်ကိုပထမအဆင့်အနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော စန်းရောင်နီယာဉ်လိုင်းများတွင် စတင်အသုံးပြုမည်ဖြစ်သကဲ့သို့ အခြားအဖွဲ့အစည်းများ၏ ကွပ်ကဲမှုအောက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်လည်း ယခုစနစ်အား တွင်ကျယ်စွာ အသုံးပြုသွားမည်ဟု သိရသည်။ ထို့အပြင် အများသယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ရပ်လုံးတွင်လည်း နိုင်ငံတော်အဆင့် စံအဖြစ် AFC စနစ်ကိုထားရှိနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် အသေးစား ငွေပေးချေမှုများသည့် ရထားစီးခ၊ ဂိတ်ကြေး၊ တံတားကြေး၊ မြို့ဝင်ကြေး၊ ကားပါကင်ကြေး၊ စတိုးဆိုင်၊ အသင့်စားသောက်ဆိုင်၊ ကစားကွင်း၊ Vending machine များတွင်လည်း တိုးချဲ့အသုံးပြုနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# အာရှဖိတ်ခေါ်ဟော်ကီပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဒုတိယအကြိမ် အာရှဖိတ်ခေါ်ဟော်ကီပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ သိမ်ဖြူဟော်ကီကွင်း၌ ဆက်လက်ကျင်းပသည်။ မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များအပြီးတွင် တတိယနေရာရရှိခဲ့သောကြောင့် တတိယနေရာလုပွဲ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

နောက်ဆုံးနေ့ပွဲစဉ်များတွင် အိမ်ရှင်မြန်မာအသင်းမှာ တရုတ်အသင်းကို ငါးဂိုးပြတ် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းမှာ တရုတ်အသင်းနှင့်ကွာခြားမှုများရှိခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုးပေးခဲ့ရသည်။ အခြားပွဲစဉ်တွင် တရုတ်(တိုင်ပေ) အသင်းက ဟောင်ကောင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် တရုတ်အသင်းက သုံးပွဲစလုံး အနိုင်ရကာ ပထမ၊ တရုတ်(တိုင်ပေ) အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ဒုတိယ၊ မြန်မာအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် စတုတ္ထနေရာတို့ ရရှိခဲ့သည်။ တတိယလုပွဲအဖြစ် မြန်မာအသင်းနှင့်ဟောင်ကောင်အသင်း၊ ဗိုလ်လုပွဲအဖြစ် တရုတ်အသင်းနှင့် တရုတ်(တိုင်ပေ) အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**



**တရုတ်ကစားသမားတစ်ဦး မြန်မာအသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။**

# လမ်းမတော်မြို့နယ် လှည်းတန်းလမ်းအတွင်း ကားရပ်ရန်နေရာကိစ္စကြောင့် ဓားထိုးမှုဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

လမ်းမတော်မြို့နယ် (၅)ရပ်ကွက် လှည်းတန်းလမ်း တိုက်နံပါတ်(၅၆) ရှေ့တွင် ဒီဇင်ဘာ ၁၆ ရက် ည ၇ နာရီခွဲခန့်က ကားရပ်ရန်နေရာကိစ္စကြောင့် စကားအချေအတင်များရာမှ ဓားထိုးမှုဖြစ်ပွားခဲ့သည်။ ဝင်ရောက်ဖြန်ဖြေသူတစ်ဦးသေဆုံးခဲ့သည်ဟု ယင်းနေရာအနီးရှိ တိုက်ခန်းတွင် နေထိုင်သူကိုဘိုးကင်းက ဆိုသည်။

လှည်းတန်းလမ်း တိုက်အမှတ်(၅၆) လေးလွှာတွင် နေထိုင်သော ဒီဇိုင်နာလုပ်ငန်းလုပ်ကိုင်သူ ကိုလှိုင်ဝင်းထွန်း အသက်(၃၉)နှစ်သည် အထက်ဖော်ပြပါအချိန်တွင် မိမိဇနီးနှင့်အတူ ပြင်ပမှ နေအိမ်တိုက်ခန်းသို့ပြန်လာခဲ့သည်။ မိမိတိုက်ခန်းရှေ့တွင် ကားရပ်ရန်အတွက် ယင်းတိုက်ခန်းရှေ့တွင် ရပ်ထားသော အိမ်စီးယာဉ်ပိုင်ရှင်ဖြစ်သူ အဆိုပါတိုက်၏ ခြောက်လွှာတိုက်ခန်းတွင်နေထိုင်သော ဦးထွန်းထွန်းမိုးထံ ခေါင်းလောင်းကြိုးဆွဲ၍ ကားဖယ်ပေးရန် ပြောဆိုခဲ့သည်။

ဦးထွန်းထွန်းမိုးသည် တိုက်ခန်းလှေကားမှဆင်းလာပြီး ဦးလှိုင်ဝင်းထွန်းနှင့် စကားအချေအတင်များနေစဉ် ဦးလှိုင်ဝင်းထွန်း၏ ဖခင် ဦးစိုးလှိုင် (၆၄)နှစ်က ဝင်ရောက်ဖျန်ဖြေခဲ့သည်။ ဦးထွန်းထွန်းမိုးက အသင့်ပါလာသော ဓားဖြင့် ဦးစိုးလှိုင်အား ထိုးလိုက်ရာ ဝဲဘက်ရင်အုံ ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ကိုလှိုင်ဝင်းထွန်း၏ ဇနီး မဇင်ဇင်မင်းတွင် ယာလက်ဖျံ ပြတ်ရှဒဏ်ရာတစ်ချက် ရရှိသွားသည်။

ဒဏ်ရာရရှိသူများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ရာ ဆေးရုံသို့ ရောက်ရှိပြီး ၁၀ မိနစ်အကြာတွင် ဦးစိုးလှိုင် သေဆုံးသွားသည်။ ထို့ကြောင့် လမ်းမတော်မြို့မရဲစခန်းက (ပ) ၂၃၃(၁၅)/ပုဒ်မ ၃၀၂-၃၂၄ ဖြင့် အရေးယူထားသည်။ ဓားဖြင့်ထိုး၍ ထွက်ပြေးတိမ်းရှောင်နေသည့် ဦးထွန်းထွန်းမိုး(၅၀)နှစ်ခန့်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မောင်စေအောင်)**

❁ **ကျောဖုံးမှ**

မြန်မာပလာဇာမှ ရတနာပုံရိပ်ငြိမ် မိဘမဲ့ဂေဟာနှင့် မေရီချက်(ပ်)မင်းကျောင်းတို့နှင့်ပူးပေါင်းကာ ကူညီထောက်ပံ့မည့်အစီအစဉ်တွင် ဈေးဝယ်သူများအနေဖြင့် ဝယ်ယူသည့် ဈေးဆိုင်များတွင် အလှူငွေများ ထည့်ဝင်နိုင်ပြီး အလှူငွေထည့်ဝင်သူများအနေဖြင့် ကြယ်လေးများကို ရရှိမည်ဖြစ်ကာ Giving Tree ပေါ်တွင် ကြယ်လေးများကို တပ်ဆင်ရမည်ဟု သိရသည်။ နှစ်အကုန်တွင် ရရှိသမျှ အလှူငွေများကို မိဘမဲ့ကလေးများလိုချင်သည့် ပစ္စည်းလက်ဆောင်များကို ဝယ်ယူလှူဒါန်းပေးမည့် အစီအစဉ်တစ်ခုဖြစ်သည်ဟု သိရသည်။

"အခုမှ အသစ်ဖွင့်တဲ့ ပလာဇာကို ဈေးလာဝယ်ကြည့်တာပါ။ Brand ဆိုင်တွေကတော့ စုံပါတယ်။ အစားအသောက်ဆိုင်တွေဆိုရင်လည်း စင်ကာပူက နာမည်ကြီးဆိုင်တွေ လာဖွင့်တာတွေ့ရတယ်။ အစားအသောက်လည်း စုံတော့ တစ်နေရာတည်းမှာ စိတ်တိုင်းကျနိုင်မယ့်ပုံစံပါ။ ဒါပေမယ့် မိဘတွေ ဈေးဝယ်ရင်းနဲ့ ကလေးတွေကို ကစားဖို့၊ အပန်းဖြေဖို့ စီစဉ်ထားတာမျိုးတော့ မရှိဘူး။ ဈေးဝယ်သပ်သပ်ပဲဖြစ်နေတယ်။ နောက်ပြီး အပေါ်ထပ်ကနေ အောက်ကိုလှမ်းကြည့်လိုက်ရင် နိုင်ငံခြားက စင်တာတွေလိုပုံစံမျိုးလုပ်ထားပေမယ့် မှန်တွေနဲ့ကာထားပြီး မှန်တွေကို မမှီနဲ့ဆိုတော့ သူရဲ့လုံခြုံစိတ်ချရမှုက ဘယ်လိုလဲဆိုတာတော့ မသိဘူး။ ဒီစင်တာကတော့ အရင်ဟာတွေနဲ့ မတူကွဲပြားနေပါတယ်။ ဈေးဝယ်ရတာကတော့ ဘယ်မှာပဲဝယ်ဝယ် စိတ်ကျေနပ်မှုရှိဖို့က အရေးကြီးတာပါပဲ" ဟု မြန်မာပလာဇာသို့ လာရောက်သူတစ်ဦးက ပြောသည်။

မြန်မာပလာဇာ၌ ဒီဇင်ဘာလအတွင်း အထူးပရိုမိုးရှင်းအစီအစဉ်များ၊ ခရစ်စမတ်နှင့် နှစ်သစ်ကူး Count Down ပွဲတော်နှင့် ကံစမ်းမဲအစီအစဉ်များကို ကျင်းပသွားမည်ဟု သိရသည်။ **(၀၀၁)**

နည်းပညာ

# ကမ္ဘာ့အလှဆုံး ပြိုင်ကားများ

Alez စုစည်းသည်




### Pagani Huayra

အီတလီနိုင်ငံထုတ် Pagani Huayra Hypercar သည် အရှိန်အမြင့်မားဆုံး တစ်နာရီလျှင် မိုင် ၂၃၀ နှုန်းအထိ မြှင့်တင်နိုင်သည့် ကားတစ်စီးဖြစ်သည်။ ကား၏အမြန်နှုန်း အင်ဂျင်ပါဝါ အစရှိသည်တို့ကို ထည့်မတွက်ဘဲ ဒီဇိုင်းသီးသန့်ကြည့်မည်ဆိုလျှင် လေကိုခွင်းသွားမည့် ဒီဇိုင်းပိုင်းနှင့် ဂီယာထိုးသည့်အခါတွင် ထွက်ပေါ်လာမည့် Ding အထိ အသေးစိတ်ဂရုတစိုက် ဒီဇိုင်းထုတ်ထားသော ကားတစ်စီးဖြစ်သည်။ မြင်းကောင်ရေ ၇၂၀ အားအထိ ထည့်သွင်းပါဝင်ပြီး သုည ဒသမ ၆၀ မိုင်ကို ၃ စက္ကန့်အတွင်း အရှိန်မြှင့်တင်မောင်းနှင်နိုင်သည်။ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁ မီလီယံဖြစ်သည်။

### Jaguar F-Type

Jaguar ဒီဇိုင်နာ LanCallum က ကားတစ်စီး၏ဒီဇိုင်းသည် လှပရမည်၊ ရိုးရှင်းရမည်၊ အားအင်အပြည့်ရှိသည့်ပုံစံရှိရမည်ဟု ဆိုပါသည်။ Jaguar F-Type သည် အဆိုပါအချက်အားလုံးပါဝင်သည့်အပြင် လှပသည့်အမို့အမောက် အကွေ့အဝိုက်များနှင့် ကျားသစ်တစ်ကောင်ခုန်လွှားတော့မည့် ပုံစံမျိုးဖြစ်သည်။ မြင်းကောင်ရေ ၃၄၀ မှ ၅၆၇ အထိ အင်ဂျင်ပါဝါအမျိုးမျိုး ရရှိနိုင်ပြီး သုည ဒသမ ၆၀ မိုင်ကို ၄ ဒသမ ၉ စက္ကန့်အတွင်း အရှိန်မြှင့်တင်မောင်းနှင်နိုင်မည်ဖြစ်သည်။ တန်ဖိုးအမေရိကန်ဒေါ်လာ ၆၅၀၀၀ ဖြစ်သည်။





### Aston Martin Vanquiș

နာမည်ကျော် James Bond မောင်းနှင်နေကျဖြစ်သည့် Aston Martin ကားများထဲမှ ရိုးရှင်းသည့်ပုံစံကို ခေတ်ပေါ်ဒီဇိုင်းနှင့် ရောစပ်တည်ဆောက်ထားသည့် Vanquish သည် ကားအများစုထဲတွင် လှပသောပုံစံရှိသည်။ မြင်းကောင်ရေ ၅၆၅ ကောင်အားအထိ မောင်းနှင်နိုင်သည့် အင်ဂျင်ပါဝင်ပြီး သုည ဒသမ ၆၀ မိုင်ကို ၃ ဒသမ ၆ စက္ကန့်အတွင်း အရှိန်မြှင့်တင်မောင်းနှင်နိုင်သည်။ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၂၇၉၉၉၅ ဒေါ်လာဖြစ်သည်။



### Lamborghini Aventador

Lamborghini ၏ ဒီဇိုင်းပိုင်းထူးခြားမှုများကို Aventador တွင် ဆက်လက်မြင်တွေ့ရပြီး အဆိုပါကား၏ ထူးခြားချက်မှာ အမေရိကန်တိုက်လေယာဉ်ဖြစ်သည့် Stealth Fighter လေယာဉ်များ၏ ဒီဇိုင်းပိုင်းကို အနည်းငယ်မှီငြမ်းထားသည်။ မြင်းကောင်ရေ ၆၉၁ မှ ၇၂၀ အားအထိရှိသော အင်ဂျင်ပါဝါကြောင့် သုည ဒသမ ၆၀ မိုင်ကို သုံးစက္ကန့်အတွင်း အရှိန်မြှင့်တင်နိုင်မည်ဖြစ်သည်။ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၃၉၇၅၀၀ ဖြစ်သည်။



### Ferrari LaFerrari

Ferrari ၏ ပရိသတ်များသည် Ferrari မှ ထုတ်လုပ်သမျှကားများကို ကြိုက်နှစ်သက်ကြသည်။ သို့သော် Ferrari ကားတိုင်း လှနေသည်မဟုတ်ပေ။ အလှဆုံးကားများထဲတွင် ထိပ်တန်းဟုဆိုရမည့် ကားမှာ LaFerrari ပင်ဖြစ်သည်။ မြင်းကောင်ရေ ၉၄၉ ကောင်အားရှိသည့် အင်ဂျင်မှာစွမ်းအားအပြည့်ရှိပြီး ၂ ဒသမ ၃ ကီလိုဝပ် ထုတ်ပေးနိုင်သည့် လျှပ်စစ်မော်တာလည်းပါဝင်သည်။ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁၆ မီလီယံဖြစ်သည်။



## Samsung မှ အလိုအလျောက်မောင်းနှင်နိုင်သော ကားများထုတ်လုပ်နိုင်ဖွယ်ရှိ

ကမ္ဘာကျော် မိုဘိုင်းလုပ်ငန်းတစ်ခုဖြစ်သော Samsung သည် အလိုအလျောက်မောင်းနှင်နိုင်သည့် စနစ်ပါဝင်သောကားများ ထုတ်လုပ်ရန် စီစဉ်နေကြောင်းသိရသည်။ အလိုအလျောက်မောင်းနှင်နိုင်သော ကားအချို့ကို ယခုနှစ်အတွင်း နာမည်ကျော်ကားလုပ်ငန်းအချို့မှ ပြသခဲ့ပြီးဖြစ်သည်။ Samsung မှ အလိုအလျောက်မောင်းနှင်နိုင်သည့်စနစ်ပါသော ကားများထုတ်လုပ်ရန် စီစဉ်ခဲ့ခြင်းကြောင့် ကားထုတ်လုပ်ရေးလောကတွင် Google, Apple နှင့် Samsung တို့ကဲ့သို့ ကမ္ဘာ့နာမည်ကြီး နည်းပညာလုပ်ငန်းများ ပါဝင်လာနိုင်ဖွယ်ရှိကာ ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာနိုင်ဖွယ်ရှိသည်။ Samsung သည် အလိုအလျောက်မောင်းနှင်နိုင်သောစနစ်ပါဝင်သည့် ကားများထုတ်လုပ်ရန် အဖွဲ့ငယ်တစ်ခုဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ Google သည် ပြီးခဲ့သည့်နှစ်နှစ်ခန့်က မောင်းသူမဲ့ကားများ ထုတ်လုပ်ရန်ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် စမ်းသပ်မောင်းနှင်နိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

# ခမောက်တောင်ကျေးရွာ၌ ပလတ်စတစ်ကြိုးများအသုံးပြု၍ ခြင်းတောင်းများရက်လုပ်ခြင်းဖြင့် အပိုဝင်ငွေရရှိ



**ကောလင်း ဒီဇင်ဘာ ၁၇**

ကောလင်းမြို့နယ် ရေကန်သာအုပ်စု ခမောက်တောင်ကျေးရွာတွင် ရှမ်းတိုင်းရင်းသားများအများစုနေထိုင်ပြီး လယ်ယာလုပ်ငန်းနှင့် ရာသီပေါ်သီးနှံများ စိုက်ပျိုးလုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုကြသည်။ ယခုအခါ မိသားစုတစ်နိုင်တစ်ပိုင် အပိုဝင်ငွေရရှိရန် ပလတ်စတစ်ခြင်းများ တွင်တွင်ကျယ်ကျယ် ရက်လုပ်လျက်ရှိသည်။

“ဟိုးအရင်းတုန်းက မိရိုးဖလာလုပ်ငန်းအနေနဲ့ ကချင်ပြည်နယ် မိုးညှင်းနယ်က ကြိမ်ကို ဝယ်ယူပြီး ကြိမ်ခြင်းတောင်းရက်လုပ်ကြတာပါ။ နောက်ကြိမ်ဝယ်ယူရတာ ဈေးနှုန်းကြီးလာသလို ကြိမ်ကလည်းရှားပါးလာတော့ ဝါးနှီးခြင်းတောင်းကို ဆက်လုပ်ကြတယ်။ ဝါးကလည်း ရှားပါးလာပြန်တယ်။ ဒါကြောင့် လွန်ခဲ့တဲ့ ငါးနှစ်လောက်ကစပြီး မန္တလေးဘက်က ပလတ်စတစ်ခြင်းတောင်းတွေကို ကောလင်းက ဝယ်ယူရောင်းချလာတော့ ပလတ်စတစ်ခြင်းတောင်းတွေ ရက်လုပ်တဲ့ လုပ်ငန်းကို ဆက်လုပ်ကြတာပါ”ဟု ခမောက်တောင်ရွာမှ ပလတ်စတစ်ခြင်းတောင်း ရက်လုပ်သူတစ်ဦးက ပြောပြသည်။

အဆိုပါကျေးရွာမှ ပလတ်စတစ်ခြင်းတောင်းရက်လုပ်ကြသူများသည် မန္တလေးဘက်မှ ကုန်ပစ္စည်းများကို ထုပ်ပိုးသော ဂျပ်စက္ကူသေတ္တာများ ချည်နှောင်သည့် ပလတ်စတစ်ကြိုးပြားများကို စတိုးဆိုင်၊ ကုန်စုံဆိုင်တို့မှ ဝယ်ယူကာ ရက်လုပ်ကြသည်။ ယခုအခါ ပလတ်စတစ်ကြိုးပြားခွေများ တင်သွင်းရောင်းချလာသဖြင့် ထိုပလတ်စတစ်ကြိုးခွေများ ဝယ်ယူကာ ရက်လုပ်ကြသည်။

ယခုအခါ ခမောက်တောင်ကျေးရွာမှ ပလတ်စတစ်ခြင်း ရက်လုပ်ကြသူများသည် ပလပ်စတစ်ကြိုးပြားအခွေ တစ်ခွေလျှင် ငွေကျပ် ၂၅၀၀၀ ဖြင့် ဝယ်ယူကာ သုံးပင်ထိုးခြင်းတောင်းနှင့် နှစ်ပင်ထိုးခြင်းတောင်းများကို ရက်လုပ်ကြသည်။ ခြင်းတောင်းအကြီး၊ အလတ်၊ အသေးပေါ်မူတည်ကာ ငွေကျပ် ၁၀၅၀၊ ငွေကျပ် ၉၅၀၊ ငွေကျပ် ၈၅၀၊ ငွေကျပ် ၇၅၀ စသည်ဖြင့် ကောလင်းမြို့ရှိ ခြင်းတောင်းအမျိုးမျိုးရောင်းချသော ဆိုင်ကြီးများသို့ ဖောက်သည်ပေး ရောင်းချလျက်ရှိသည်။

ခမောက်တောင်ကျေးရွာမှ ရက်လုပ်သော ပလတ်စတစ်ခြင်းတောင်းများသည် အလေးချိန်များများထည့်ပြီး ကြာရှည်စွာ သယ်ဆောင်ပါက ခြင်းတောင်းမှာ ကျယ်သွားခြင်း၊ ပြုတ်ထွက်သွားခြင်းမရှိသည့်အပြင် ခြင်းတောင်းလက်ကိုင်ကွင်းများကိုလည်း ပြုတ်ထွက်ခြင်းမရှိအောင် ရက်လုပ်ကြသဖြင့် ဝယ်ယူသုံးစွဲသူများပြားလာ၍ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေရကြောင်း သိရသည်။

**(စိုင်းလူမင်း)**

❑

## စာပေရေချမ်းစင်များသို့ စာအုပ်အသစ်များ ထပ်မံဖြည့်ဆည်း

**ကရသူရိ ဒီဇင်ဘာ ၁၇**

ကော့သောင်းခရိုင် ကရသူရိမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများသည် ဒီဇင်ဘာ ၁၃ ရက်က မြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာများရှိ အများပြည်သူ စည်ကားရာနေရာများတွင် နံရံကပ်စာပေရေချမ်းစင်များသို့ စာစဉ်အသစ်များ ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းတွင် မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ ပြည်သူများ စာပေဖတ်ရှုခြင်းအလေ့အထများ တိုးပွားလာစေရန် ရည်ရွယ်၍ အများပြည်သူစည်ကားရာနေရာများဖြစ်သည့် ကားဂိတ်၊ ရေဆိပ်၊ တက္ကစီဂိတ်၊ ဆေးရုံ၊ ကျောင်း၊ အစိုးရရုံးဌာနများနှင့် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် ချိတ်ဆွဲ ခင်းကျင်းပေးထားရာ စာအုပ်စာစဉ်အသစ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကရသူရိ (ပြန်/ဆက်)**

# ပန်းချီဆရာကြီး ဦးစန်းလှိုင်

(၁၉၂၃-၂၀၁၅)

ပန်းချီဆရာကြီး ဦးစန်းလှိုင်ကို ၂၄-၁၂-၁၉၂၃ ခုနှစ်တွင် ဖျာပုံမြို့ မန်ကျည်းတန်းရပ် ရှိမ်းမကားလမ်းတွင် မိဘဖြစ်သူ ဦးခန့်-ဒေါ်တင့်တို့မှ မွေးဖွားခဲ့သည်။

၁၉၃၈ ခုနှစ် အသက် (၁၄) နှစ်ကျော်အရွယ်တွင် အစ်ကိုဖြစ်သူ၏ ဆက်သွယ်ပေးမှုဖြင့် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီတွင် ရုပ်ရှင်ပိုစတာ ကြော်ငြာပန်းချီများရေးဆွဲသည့် ပန်းချီဆရာကြီး ဦးခင်အုန်းထံတွင် ဆက်လက်သင်ကြားခဲ့၏။

မြန်မာပြည်သို့ ဒုတိယကမ္ဘာစစ်မီး ကူးစက်လောင်ကျွမ်းလာသောအခါ ဖျာပုံ၌ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)အတွင်းသို့ ဝင်ခဲ့၏။ ၁၉၄၃ ခုနှစ်တွင် ရန်ကုန်စစ်ဝန်ကြီးရုံး ကင်းတပ်ဖွဲ့၊ ၎င်းမှ မင်္ဂလာဒုံ လေ့ကျင့်ရေးတပ်ရင်း(၁)သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့၏။ ဖက်ဆစ်တော်လှန်ရေးကာလတွင် ရန်ကုန်မြို့သိမ်းတိုက်ပွဲနှင့် စစ်တောင်းမြစ်ဝှမ်းတိုက်ပွဲများတွင် ပါဝင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းဦးစီးသည့် ပြည်သူ့ရဲဘော်အဖွဲ့နှင့် ဆက်သွယ်ကာ ဖျာပုံခရိုင်ပြည်သူ့ရဲဘော် အထွေထွေ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့၏။ ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီးနောက် တစ်လတွင် သောင်းကျန်းသူနှိမ်နင်းရေးတပ်ရင်း (၂)တွင် တပ်ကြပ်ရာထူးဖြင့် တစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် တပ်မှအပြီးအပိုင်နုတ်ထွက်ကာ ရန်ကုန်မြို့ (၂၇)လမ်းတွင် စန်းလှိုင်ပန်းချီအမည်ဖြင့် အချိန်ပြည့်ပန်းချီရေးဆွဲ အသက်မွေးဝမ်းကျောင်းခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် ဂျူဗလီဟောတွင် ပြပွဲပြိုင်ပွဲ ကျင်းပရာ ဗိုလ်ချုပ်ပုံတူ ရေးဆွဲမှုပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည်။

လွတ်လပ်ရေးလှုပ်ရှားမှု ဆောင်ရွက်ချက်များကြောင့် ၁၉၅၉ ခုနှစ် မတ် ၂၇ ရက်တွင် မော်ကွန်းဝင် ဒုတိယဆင့် ချီးမြှင့်ခံခဲ့ရ၏။

၁၉၄၅ ခုနှစ်တွင် ဒေါ်တင်အောင်နှင့် အိမ်ထောင်ကျပြီး သားသမီးရှစ်ဦး ထွန်းကားခဲ့သည်။ ၁၉၅၈-၅၉ တွင် ဗမာပြည်ပန်းချီသမဂ္ဂတွင် အမှုဆောင်အဖြစ်လည်းကောင်း၊ ၁၉၆၃ တွင် ပန်းချီ၊ ပန်းပုကောင်စီ စည်းရုံးရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။

တိုင်းလုံးကျော်သတင်းစာ၊ မြန်မာ့အလင်းသတင်းစာတို့တွင် နေ့ထူးနေ့မြတ် အထူးထုတ်များတွင် ဆရာဦးစန်းလှိုင်၏ ပန်းချီလက်ရာများကို တွေ့ရပြီး ရှုမဝမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ ပေဖူးလွှာမဂ္ဂဇင်း၊ မဟေသီမဂ္ဂဇင်း၊ ရတနာမွန်မဂ္ဂဇင်း၊ မြတ်ဆုမွန်မဂ္ဂဇင်း၊ လုပ်သားဂျာနယ်၊ ပြည်သူ့ကြယ်ဂျာနယ်၊ ခေတ်မြန်မာဂျာနယ်၊ မြစ်မခစာစောင်၊ ဗျာဒိတ်ပန်းစာစောင်၊ တရားရိပ်မြိုင်စာစောင် စသည့်ဂျာနယ်၊ မဂ္ဂဇင်းများစွာတွင်လည်း ရေးဆွဲခဲ့သည်။



ပန်းချီဆရာကြီး
ဦးစန်းလှိုင်

စစ်ပြန်မဂ္ဂဇင်းတွင် စတင်ထွက်ရှိသည့် အမှတ်(၁) စာစောင်မှစ၍ နှစ်ရှည်လများ ရေးဆွဲခဲ့၏။ ဆရာဦးစန်းလှိုင်ရေးဆွဲခဲ့သော ဇာတ်ကြီးဆယ်ဘွဲ့အနှစ်ချုပ်၊ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်ဇာတ်လမ်း၊ ဧကရီစုဘုရားရုပ်ပြ၊ ပတ္တမြားငမောက်နှင့် ရတနာပုံနန်းတွင်း လျှို့ဝှက်ဇာတ်လမ်းများ၊ မြသပိတ်တောင်အဆင်းနှင့် မင်းကွန်းဇေတဝန်ည အစရှိသော ရုပ်ပြလက်ရာများစွာမှာ အလွန်လူကြိုက်များ ထင်ရှား၏။ ဇိနတ္ထပကာသနီဗုဒ္ဓဝင်ရုပ်စုံ သရုပ်ဖော်ပုံများ၊ ဆရာတော်ကြီးများ၏ တရားခွေအဖုံးများလည်း ရေးသားခဲ့သည်။

ယခုအခါ အသက် (၉၃)နှစ်တွင် အမှတ်(၅၅) ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ်၌ နေထိုင်စဉ် ၁၅-၁၂-၂၀၁၅ ရက် ည ၇ နာရီတွင် ဇဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကြေးမုံသတင်းစာမှ ဝမ်းနည်းစွာဖြင့် ဆရာကြီး၏အတ္ထုပ္ပတ္တိကို ဖော်ပြလိုက်ပါသည်။



**(ကြေးမုံ)**

## Sassy Go Go မင်းသမီး ကန်ဒိုရီ ကွယ်လွန်

မကြာသေးမီက KBS ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားခဲ့တဲ့ "Sassy Go Go" ရုပ်သံဇာတ်လမ်းတွဲမှ တောင်ကိုရီးယားမင်းသမီးချော ကန်ဒိုရီဟာ ယာဉ်တိုက်မှုတစ်ခုကြောင့် ဒီဇင်ဘာ ၁၄ ရက်က သေဆုံးသွားခဲ့တယ်လို့ ကနဦး သတင်းများအရ သိရပါတယ်။ ဆက်လက်စုံစမ်းမှုများ ပြုလုပ်ခဲ့ရာ အဆိုပါယာဉ်တိုက်မှုဟာ မတော်တဆမှုတစ်ခုမဟုတ်ဘဲ မင်းသမီးက ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံရဲများ၏ ထုတ်ဖော်ပြောကြားချက်ရ စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ကန်ဒိုရီကို ဒီဇင်ဘာ ၁၄ ရက် ညနေ ၄ နာရီခန့် (ကိုရီးယားဒေသစံတော်ချိန်)က တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့တွင် ယာဉ်တိုက်မှုတစ်ခုကြောင့် သေဆုံးသွားခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း ဒေသခံရဲများက ပြောကြားခဲ့ပါတယ်။

မင်းသမီးဟာ မကွယ်လွန်မီ သုံးရက်ခန့်က သူ့ရဲ့သူငယ်ချင်းဖြစ်သူထံ ဖုန်းမှတစ်ဆင့် စာတစ်စောင်ပေးပို့ခဲ့ပြီး အဆိုပါစာမှာ ကိုယ့်ကိုယ်ကိုယ်သတ်သေသွားမယ့်အကြောင်း ရင်ဖွင့်ခဲ့ပါတယ်။

အဆိုပါအမှုနှင့်ပတ်သက်၍ ရဲများနှင့် မှုခင်းဆရာဝန်များက ဆက်လက်စုံစမ်းလျက်ရှိပါတယ်။

ခင်ခင်သက်
ရေးသားသည်

## ပလက်တီနမ်ဆုသတ်မှတ်ချက်ထက် အဆ(၃၀)ကျော်လွန်ခဲ့တဲ့ မိုက်ကယ်ဂျက်ဆင်ရဲ့ "Thriller"

ပေါ့ပ်တေးဂီတလောကကို အစပျိုးခဲ့တဲ့ ကမ္ဘာကျော်အဆိုတော်ကြီး မိုက်ကယ်ဂျက်ဆင်ရဲ့ တေးအယ်လ်ဘမ်တစ်ခုဖြစ်တဲ့ "Thriller" ဟာ ယခုနှစ်မှာ အမေရိကန်နိုင်ငံတစ်ဝန်း



မှာ တေးအယ်လ်ဘမ်ပေါင်း သန်း ၃၀ ကျော်နဲ့ ကမ္ဘာတစ်ဝန်း သန်း ၁၀၀ ကျော်ခန့် ရောင်းချခဲ့ရပြီး သူ့ရဲ့ ရောင်းအားကောင်းမှုကြောင့် ပလက်တီနမ်ဆုကို ထပ်မံသိမ်းပိုက်နိုင်ခဲ့ပါတယ်။ အဆိုပါတေးအယ်လ်ဘမ်ဟာ ထုတ်လွှင့်ခဲ့တာ ၃၃ နှစ်ကြာခဲ့ပြီး ယခုနှစ်မှာတော့ ပလက်တီနမ်ဆုအတွက် သတ်မှတ်ထားတဲ့ ရောင်းအားအဆင့်ထက် အဆ ၃၀ ကျော်လွန်တဲ့ ရောင်းအားနဲ့ ယင်းဆုကို ထိုက်ထိုက်တန်တန်သိမ်းပိုက်နိုင်ခဲ့တာဖြစ်ပါတယ်။ ယခုလို ပလက်တီနမ်ဆုအတွက် သတ်မှတ်ချက်ထက် အဆ ၃၀ ကျော်လွန်တဲ့ ရောင်းအားနဲ့ ယင်းဆုကို ရရှိခဲ့ဖူးတာ "Thriller" တေးအယ်လ်ဘမ်က ပထမဦးဆုံးပါ။

ဒီဇင်ဘာ ၁၆ ရက်က အမေရိကန်ရဲ့ တေးဂီတတွေကို မှတ်တမ်းတင်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ RIAA ဥက္ကဋ္ဌ ကယ်ရီရှာမန်ရဲ့ ပြောကြားချက်အရ ယင်းတေးအယ်လ်ဘမ်ဟာ အမေရိကန် နိုင်ငံတစ်ဝန်းထုတ်လုပ်ခဲ့တဲ့ တေးဂီတတွေအတွက် ရွှေနဲ့ ပလက်တီနမ်ဆုတံဆိပ်တွေ ရွေးချယ်ပေးအပ်ခဲ့တဲ့ နှစ် ၆၀ ကာလအတွင်း ပလက်တီနမ်ဆုရဲ့ သတ်မှတ်ချက်ထက် အဆ ၃၀ ကျော်လွန်ခဲ့တဲ့ ပထမဦးဆုံးသော တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။

ယင်းတေးအယ်လ်ဘမ်ဟာ ထုတ်လွှင့်ခဲ့ပြီး နှစ်နှစ်အကြာမှာ ပလက်တီနမ်ဆုတံဆိပ်အတွက် သတ်မှတ်ထားတဲ့အဆင့်အတန်းထက် အဆ ၂၀ ကျော်လွန်ခဲ့ကာ မိုက်ကယ်ဂျက်ဆင်သေဆုံးခဲ့ပြီး နှစ်လခန့်အကြာ ၂၀၀၉ ခုနှစ်အတွင်းမှာတော့ သတ်မှတ်ချက်ထက် ၂၉ ဆ ကျော်လွန်ခဲ့တဲ့ တေးအယ်လ်ဘမ်တစ်ခု ဖြစ်လာခဲ့ပါတယ်။ ထို့ပြင် "Thriller" ဟာ ဂရမ်မီဆုပေါင်း ရှစ်ဆုနဲ့ ဂရမ်မီဆုအတွက် (၁၂)ကြိမ်တိုင်တိုင် လျာထားခံခဲ့ရတဲ့ တစ်ခုတည်းသော တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။

"Thriller" ဟာ မိုက်ကယ်ဂျက်ဆင်ရဲ့ ဆဋ္ဌမမြောက် တေးအယ်လ်ဘမ်ဖြစ်ပြီး ၁၉၈၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်က စတင်ထုတ်လွှင့်ခဲ့တာပါ။ ယင်းတေးအယ်လ်ဘမ်မှာ ပေါ့ပ်၊ ရော့ခ်၊ R&B နဲ့ ဒစ္စကို အစရှိတဲ့ တေးဂီတအမျိုးအစားများစွာပါဝင်ပြီး အထူးကျော်ကြားတဲ့ တေးသီချင်းတွေကတော့ "Thriller" နဲ့ "Beat It"တို့ပဲဖြစ်ကြပါတယ်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၈ - ၁၂ - ၂၀၁၅ (သောကြာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၈) |
| ၆း၂၀ | ပြည်သူ့နီတိ "အရွယ်သုံးပါး" (ဇာတ်သိမ်း) |
| ၆း၄၅ | ရောင်စုံရေးသီတေးပန်းချီ |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြေွတဲ့နှင်းဆီ" (အပိုင်း-၂၁) |
| ၇း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၆၀) |
| ၉း၁၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ | "လေခွန်" |
| ၉း၄၀ | ASEAN Japan Cultural Show |
| ၁၀း၁၀ | မြန်မာဗီဒီယိုဇာတ်လမ်း "ပွေလီမ" [(ခန့်စည်သူ၊ ရွှေမှုန်ရတီ) (ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)] |

**တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော် |
| ၇း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၁၀း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၁း၃၅ | သိပ္ပံနှင့် နည်းပညာအစီအစဉ် |
| ၁၂း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၄၉) |
| ၁း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့ နှလုံးသား" (အပိုင်း-၂၉) |
| ၂း၀၅ | မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၁) |
| ၂း၄၅ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ [ဉာဏ်လင်းအောင်(မြန်မာ)နှင့် ကို့စ်ပန်(ထိုင်း)] |
| ၃း၃၅ | ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် |
| ၄း၃၅ | Weekly Sports Info |
| ၅း၃၅ | Hyper Sports |
| ၆း၃၅ | The Farmer (ကြယ်ပဲစိုက်ပျိုးရေးအကြောင်း) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၃၀) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၅၀) -ချစ်သောဤကမ္ဘာမြေ -ရွှေ့ပြောင်းသွားလာသူများနေ့ ဝှက်ပြုစကားဝိုင်း (အပိုင်း-၁) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၄၀ | မှတ်တမ်း |
| ၆း၅၀ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၂၀ | မြန်မာပြည်တွင်ထုတ်လုပ်သည် |
| ၇း၂၅ | အမျိုးသားရေးတေးကဗျာ |
| ၇း၃၀ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၈း၅၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၂၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၀၆ | တစ်ပတ်အတွင်း စီးပွားရေးသတင်း |
| ၄း၁၅ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | မြန်မာသံစဉ်ချိုနှားဝင် |
| ၄း၄၀ | ဇာတ်လမ်းတို |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၀ | လည်မယ် . . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၀ | ရှုမောဖွယ်ရာရွှေရုပ်လွှာ |
| ၆း၃၀ | " ရွာ" ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၃၁) [ဒါရိုက်တာ မိုးဇော်ကို] |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရာရာထက်မင်း အပိုင်း(၄၆) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -ဒို့တာဝန်အရေး(၃)ပါး -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -VOA အင်္ဂလိပ်စာသင်ခန်းစာ -သံစဉ်များနှင့်ကမ္ဘာ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -Lucky Door -မြဝတီရုပ်မြင်သံကြားသတင်း |

### mitv

| | |
|---|---|
| 07:03 | Am News |
| 07:26 | A Glance At A Naga Family Life |
| 07:45 | A village where old traditions prevails |
| 08:26 | Shwe Maw Daw: The Glory Of Bago City |
| 08:52 | Porcelain and Glass |
| 09:26 | Shan Novices To Be……….. |
| 09:41 | A Pilgrimage To Prominent Pagoda In Pakokku |
| 09:53 | Creations of a Designer |
| 10:26 | News Extra: R.A.T Race |
| 10:50 | A Happy Visit to Zoological Garden (Nay Pyi Taw) |
| 07:26 | Five Treasures in the Ancient City Of Mrauk U |
| 07:43 | Mt. Naw Bu Baw |
| 07:53 | A Girl Guide |
| 08:25 | Orchidologist Dr. Saw Lwin |
| 08:47 | Myanmar Masterclass "Min Wae Aung" |

အားကစား

# ယူရို ၂၀၁၆ အုပ်စုများ မိတ်ဆက်

ယူရို ၂၀၁၆ ပြိုင်ပွဲကို အုပ်စုခွဲခြောက်အုပ်စု ခွဲကာ အသင်းပေါင်း ၂၄ သင်းပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အုပ်စုများ မိတ်ဆက်အနေဖြင့် အုပ်စု (A)နှင့်အုပ်စု(B)ကို မိတ်ဆက်ပြီးတဲ့နောက် ကမ္ဘာ့ထိပ်တန်းအသင်းတွေဖြစ်တဲ့ ဂျာမနီ၊ ယူကရိန်း၊ ပိုလန်နဲ့ မြောက်အိုင်ယန်လန်တို့ပါဝင်တဲ့ အုပ်စု(C)သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။

**အုပ်စု(C)**

**ဂျာမနီ။** ။ ဂျာမနီကတော့ အိမ်ရှင်ပြင်သစ်အသင်းနဲ့အတူ ယူရို ၂၀၁၆ ချန်ပီယံဖြစ်ဖို့ ရေပန်းစားနေတဲ့အသင်းဖြစ်ပါတယ်။ ဂျာမနီဟာ ဘရာဇီးမြေမှာ ကျင်းပခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားမှာ သွင်းဂိုး ၃၆ ဂိုးသွင်းပြီး ခြေစစ်ပွဲအောင်ခဲ့ပေမယ့် ယူရို ၂၀၁၆ ခြေစစ်ပွဲမှာတော့ ၂၄ ဂိုးနဲ့ ခြေစစ်ပွဲအောင်ခဲ့တာပါ။ ဒီအုပ်စုမှာတော့ အသင်းတိုင်း ကိုယ်စီစွမ်းဆောင်ရည်တွေရှိနေတာမို့ အကြိတ်အနယ်ရှိမယ့် အုပ်စုပါ။ ဂျာမနီဟာ ၁၉၉၆ မှာ ချန်ပီယံဖြစ်ခဲ့တဲ့အပြင် ၁၉၇၂ နဲ့ ၁၉၈၀ မှာတော့ အနောက်ဂျာမနီအနေနဲ့ အောင်ပွဲခံခဲ့တာပါ။ ၂၀၁၂ ပြိုင်ပွဲမှာတော့ ဆီမီးဖိုင်နယ်မှာ အီတလီကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပြီး ပြိုင်ပွဲကို နှုတ်ဆက်လိုက်ရပါမယ်။

နည်းပြ ဂျိုဝါချင်လိုးရဲ့ ဂျာမနီအသင်းဟာ ကလိုဆေး အနားယူသွားတဲ့နောက်ပိုင်း မူလာရဲ့ စွမ်းဆောင်ရည်တွေက ရလဒ်ပိုင်း အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ မူလာဟာ ခြေစစ်ပွဲကိုးပွဲမှာ ကိုးဂိုးအထိ သွင်းယူပေးပြီး ဂျာမနီရဲ့ ထိပ်တန်းဂိုးသွင်းရှင်အဖြစ် ရပ်တည်နေပါတယ်။ အိုဇေးလ်၊ ရှဝိန်းစတိုင်ဂါတို့ကလည်း ဂျာမနီအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်နေဆဲပါပဲ။ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ဂေါ့ဇီရဲ့ တစ်လုံးတည်းသော သွင်းဂိုးကြောင့် ဖလားရရှိခဲ့တာမို့ ၂၀၁၈ မှာ စာချုပ်သစ်ချုပ်ဆိုဖို့ ဆန္ဒပြင်းပြနေတဲ့ ဂျိုဝါချင်လိုးအတွက် ယူရို ၂၀၁၆ ရလဒ်က ဘယ်လိုအဆုံးအဖြတ်ပေးသွားမလဲဆိုတာ စောင့်ကြည့်ရဦးမှာပါ။

**ယူကရိန်း။** ။ ယူကရိန်းဟာ ခြေစစ်ပွဲမှာ အကောင်းဆုံးခံစစ်ပိုင်းကို ပိုင်ဆိုင်ခဲ့တဲ့ မှတ်တမ်းရှိခဲ့တယ်။ ၁၂ ပွဲမှာ ငါးဂိုးပဲ ပေးဂိုးရှိခဲ့တယ်။ ဒါ့အပြင် ကိုနိုပလန်ကာနဲ့ ယာမိုလန်ကာတို့အတွဲရဲ့ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်တွေက ဒီပြိုင်ပွဲမှာ ဘယ်လောက်ခရီးပေါက်မလဲဆိုတာလည်း စိတ်ဝင်စားဖို့ကောင်းတယ်။ ယူကရိန်းအတွက် ယူရို ၂၀၁၆ မှာ ခြေစစ်ပွဲအောင်တာ ယူရိုပြိုင်ပွဲမှာ ပထမဆုံးခြေစစ်ပွဲအောင်ခြင်းဖြစ်တယ်။ ၂၀၁၂ က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ရစဉ်တုန်းကလည်း အုပ်စုအဆင့်နဲ့တင် ထွက်သွားရတယ်။

ယူကရိန်းအသင်းအတွက် အဓိကကစားသမားကတော့ ယာမိုလန်ကိုပါ။ ယာမိုလန်ကိုဟာ ယူကရိန်းအသင်းနဲ့အတူ ၅၅ ပွဲ ကစားပေးပြီးချိန်မှာ ၂၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တယ်။ အခုယူရိုခြေစစ်ပွဲမှာလည်း ဆလိုဗေးနီးယားနဲ့ပွဲမှာ နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့လို့ ယူရို ၂၀၁၆ ဝင်ခွင့်တစ်နေရာရရှိခဲ့တယ်။ နည်းပြပိုင်းကြည့်မယ်ဆိုရင် ၂၀၁၂ တုန်းကတည်းက တာဝန်ယူခဲ့တဲ့ ဖိုမန်ကိုလက်ထက်မှာ ယူကရိန်းရဲ့ ခြေစွမ်းပိုင်းကောင်းလာတယ်လို့ ဆိုရမယ်။ အခုယူရို ၂၀၁၆ မှာ ဘယ်လောက်အထိ စွမ်းဆောင်ပေးနိုင်မလဲဆိုတာကတော့ လာမယ့်ဇွန်လမှာ စောင့်ကြည့်ရမှာပါ။

**ပိုလန်။** ။ ပိုလန်အသင်းဟာ တိုက်စစ်မှူး လီဝန်ဒိုစကီးနဲ့ ကွင်းလယ်ကစားသမား ခရီချိုဝိတ်ခ်တို့ရဲ့ စွမ်းဆောင်ရည်ကြောင့် ပိုလန်ကို အထူးဂရုပြုရမယ့် အနေအထားရောက်နေတယ်။ ခရီချိုဝိတ်ခ်ဆိုရင် ပြီးခဲ့သည့်ဘောလုံးရာသီက လာလီဂါရဲ့ တစ်ရာသီအကောင်းဆုံးကစားသမား ၁၁ ဦး စာရင်းထဲမှာတောင် ထည့်သွင်းဖော်ပြခံရလောက်အောင် ခြေစွမ်းပိုင်းထက်မြက်တယ်။ ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ သွင်းဂိုး ၃၃ ဂိုးအထိ သွင်းယူနိုင်ခဲ့တာကြောင့် ခြေစစ်ပွဲအောင်တဲ့အသင်းတွေထဲမှာ သွင်းဂိုးအများဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တယ်။

ပိုလန်အသင်းအတွက်တော့ ယူရိုခြေစစ်ပွဲအောင်တာ ဒုတိယအကြိမ်ဖြစ်တယ်။ ပိုလန်အသင်းအတွက် အဓိက ကစားသမားကတော့ လီဝန်ဒိုးစကီးဖြစ်ပြီး ကလပ်အသင်းအတွက်ရော နိုင်ငံအသင်းအတွက်ပါ အခုနှစ်ပထမဆုံး ၂၈ ပွဲမှာ သွင်းဂိုး ၃၀ အထိသွင်းယူနိုင်ခဲ့တာကြောင့် ကမ္ဘာ့အကောင်းဆုံးကစားသမား အဆင့်သတ်မှတ်ချက်မှာ အဆင့်(၉)နေရာမှာ ရပ်တည်နေတယ်။ ဒါပေမယ့် ပိုလန်အသင်းအတွက်တော့ ၂၀၀၈ ရောက်မှ စတင်ကစားပေးခဲ့တာပါ။ နည်းပြ နာဝေါကာကတော့ ၂၀၁၃ မှာ ပိုလန်ကို စတင်ကိုင်တွယ်တာဖြစ်လို့ ပိုလန်အသင်းကို ဘယ်လိုနည်းဗျူဟာတွေအသုံးပြုပြီး ပြိုင်ပွဲမှာ ရလဒ်ပိုင်းကောင်းမွန်အောင် ဆောင်ကြဉ်းသွားနိုင်မလဲဆိုတာကတော့ စောင့်ကြည့်ရမယ့်အဆင့်မှာပဲ ရှိပါသေးတယ်။

**မြောက်အိုင်ယာလန်။** ။ နည်းပြ အိုနေးလ်ကတော့ ပြင်သစ်မြေမှာ ကျင်းပမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ရှုံး/ထွက် အဆင့်မှာ နေရာတစ်နေရာရဖို့ ပစ်မှတ်ထားနေပါတယ်။ မြောက်အိုင်ယာလန်အတွက် ယူရိုပြိုင်ပွဲဆိုတာ အခုတစ်ကြိမ်မှ စတင်ဝင်ခွင့်ရခဲ့တာမို့ ယူရိုခြေစွမ်းပိုင်း ဘယ်လောက်ကောင်းသလဲဆိုတာ ခန့်မှန်းဖို့ခက်ပါတယ်။ အဓိကကစားသမားကတော့ လက်ဖာတီဖြစ်ပြီး ခြေစစ်ပွဲကိုးပွဲမှာ ခုနစ်ဂိုးအထိ မြောက်အိုင်ယာလန်အတွက် သွင်းပေးထားတယ်။ မြောက်အိုင်ယာလန်အသင်းမှာ ပရီမီယာလိဂ်မှာ ကစားနေတဲ့ ကစားသမားအတော်များများရှိတယ်။ အဲဒီကစားသမားတွေကတော့ ခရစ်ဘရွန့်၊ အီဗန်၊ မက်အော်လေ (ဝက်စ်ဘရွန်း)၊ ကက်ကာ့(ဝက်ဒ်ဖို့) စတီဗင်ဒေးဗစ် (ဆောက်သမ်တန်)၊ မက်နဲ(မန်ယူ) တို့ဖြစ်တယ်။ ကစားသမားပိုင်းမှာ ထိပ်တန်းအဆင့်ကစားသမားတွေနည်းပါးနေသလို နည်းပြပိုင်းမှာလည်း အတွေ့အကြုံပိုင်းရင့်ကျက်မှုနည်းသေးတာကြောင့် နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးရဖို့ ရုန်းကန်ရမယ့်အသင်းလို့ ဆိုရမှာပါ။

နိုင်လင်းကြည်

# မန်စီးတီးတိုက်စစ်မှူး အဂူရို အာဆင်နယ်နှင့်ပွဲစဉ်ပါဝင်လာမည်

မန်စီးတီးတိုက်စစ်မှူး အဂူရိုသည် ဒဏ်ရာပြဿနာကြောင့် အနားယူနေရာမှ ပြန်လည်သက်သာလာကာ အသင်း၏လေ့ကျင့်ရေးအစီအစဉ်တွင် အပြည့်အဝပြန်လည်ပါဝင်လာနိုင်ခဲ့ပြီဖြစ်သောကြောင့် အာဆင်နယ်အသင်းနှင့် ကစားမည့်ပွဲစဉ်တွင် မန်စီးတီးအသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

အာဂျင်တီးနားတိုက်စစ်မှူး အဂူရိုသည် ခြေဖနောင့်ဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် မန်စီးတီးအသင်း၏ နောက်ဆုံးလေးပွဲတွင် ပါဝင်ပွဲထွက်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ထို့ပြင် တိုက်စစ်မှူး အဂူရိုသည် ယခုနှစ်ဘောလုံးရာသီအစပိုင်းကလည်း တံကောက်ကြော ဒဏ်ရာပြဿနာကြောင့် ရက်သတ္တခြောက်ပတ်ကြာ အနားယူခဲ့ရသည်။ ယင်းတံကောက်ကြောဒဏ်ရာသည် ဆောက်သမ်တန်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ရရှိခဲ့ခြင်းဖြစ်သည်။

(ငွေကြယ်)



# ချယ်လ်ဆီးနည်းပြအဖြစ်မှ မော်ရင်ဟို ထုတ်ပယ်ခံရ

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် နည်းပြမော်ရင်ဟိုအား ပရီမီယာလိဂ်ဖလားရရှိပြီး ခုနစ်လအကြာတွင် နည်းပြအဖြစ် ထုတ်ပယ်လိုက်ပြီဖြစ်သည်။

အသက်(၅၂)နှစ်အရွယ်ရှိ နည်းပြမော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းကို ဒုတိယအကြိမ်မြောက်ပြန်လည်ကိုင်တွယ်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ် ဇွန်လတွင် ချယ်လ်ဆီးနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင်မူ ပွဲစဉ်(၁၆)ပွဲကစားခဲ့ရာ၌ ကိုးပွဲအထိ ရှုံးပွဲကြုံခဲ့သည်။ မော်ရင်ဟိုသည် ချယ်လ်ဆီးနည်းပြဘဝ နောက်ဆုံးပွဲစဉ်ဖြစ်သည့် လက်စတာစီးတီးအသင်းနှင့် ပွဲစဉ်တွင်လည်း နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

လက်ရှိတွင် ချယ်လ်ဆီးအသင်းက ထုတ်ပယ်လိုက်ပြီဖြစ်သောကြောင့် ထုတ်ပယ်လိုက်သည့် နည်းပြမော်ရင်ဟိုနေရာတွင် ဂွာဒီယိုလာ၊ ဂတ်ဟစ်ဒစ်၊ ဘရန်ဒန်ရော့ဂျာတို့ကို နည်းပြသစ်အဖြစ် အစားထိုးခန့်အပ်သွားရန် အကြမ်းဖျင်းလျာထားမှုများရှိခဲ့ကြောင်းသိရသည်။

(ငွေကြယ်)

# ဖိအားတွေများလာတဲ့ မန်ယူ နိုင်ပွဲပြန်ရပါ့မလား

## ပရီမီယာလိဂ်ရင်ခုန်သံ – ၁၇

*ပရီမီယာလိဂ်ပွဲစဉ် ၁၆ ပွဲမှာ မန်ယူတို့ ဘုန်းမောက်ကို ရှုံးခဲ့ရတယ်။ အဲဒီလို ရှုံးနိမ့်မှုကြောင့်လည်း မန်ယူဟာ သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်ခဲ့ရပြီး ချန်ပီယံလိဂ်ကလည်း ထွက်ခွာခဲ့ရတာကြောင့် ဖိအားတွေပိုမိုကျရောက်လာတယ်။ ဒါကြောင့် ဒီပွဲစဉ် ၁၇ မှာ မန်ယူနိုင်ပွဲ ပြန်ရပါ့မလားဆိုတာ စောင့်ကြည့်ချင်စရာ ဖြစ်လာတယ်။*

ရှိုင်းမင်းမင်း




**ဝက်စ်ဘရွန်း - ဘုန်းမောက်** ည ၉း၃၀(၁၉-၁၂-၁၅)

အဲဗာတန်ကိုသရေ၊ ချယ်လ်ဆီးကို အနိုင်ယူပြီး နောက်ဆုံးပွဲစဉ်မှာ မန်ယူကိုပါ အနိုင်ရခဲ့တဲ့ ဘုန်းမောက်ရဲ့ခြေစွမ်းက ကောင်းမွန်တယ်။ ဒီပွဲတွေမှာ ရလဒ်ကောင်းမွန်ခဲ့မှုတွေကြောင့် ဘုန်းမောက်တို့ စိတ်ဓာတ်ပိုင်းတည်ငြိမ်ကောင်းမွန်နိုင်တယ်။ ဒါကြောင့် ဝက်စ်ဘရွန်းကွင်းဖြစ်ပေမယ့် ဘုန်းမောက်တို့ သရေကစားနိုင်မှာပါ။

**စတုတ်စီးတီး-ခရစ္စတဲလ်လေ့စ်** ည ၉း၃၀ (၁၉-၁၂-၁၅)

ဝက်စ်ဟမ်းနဲ့ ပွဲစဉ်မှာ သရေကျခဲ့ရတာကြောင့် စတုတ်တို့ နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာပါ။ ပဲလေ့စ်က ဆောက်သမ်တန်ကို အနိုင်ရခဲ့သလို ဒီပွဲစဉ်မှာလည်း ခြေကုန်ထုတ်လာဖို့ရှိပြီး လက်ရှိခြေလည်းတည်ငြိမ်နေပါတယ်။ ဒါကြောင့် စတုတ်တို့ အခက်အခဲနဲ့ ရင်ဆိုင်ရနိုင်ခြေရှိပြီး အမြင့်ဆုံးသရေလောက်ပဲကစားနိုင်မှာပါ။

**အဲဗာတန်-လက်စတာ** ည ၉း၃၀(၁၉-၁၂-၁၅)

နော့ဝှစ်နဲ့ သရေကျပြီးနောက်ဆုံးသုံးပွဲ ဆက်တိုက် အနိုင်မရခဲ့တဲ့ရမှတ်တွေ ဆက်တိုက်လျော့ပါးခဲ့ရတာကြောင့် အဲဗာတန်တို့ ပွဲကို ဂရုတစိုက် ကစားလာမှာပါ။ ဒါပေမယ့် ဒီရာသီမှာ လက်စတာရဲ့ ကစားအားကလည်း ကောင်းမွန်လာလို့ အဲဗာတန်တို့ အခက်တွေ့နိုင်ပြီး ထပ်ပြီးတားနိုင်ခြေရှိပါတယ်။

**မန်ယူ-နော့ဝှစ်ချ်** ည ၉း၃၀ (၁၉-၁၂-၁၅)

ဘုန်းမောက်ကို ရှုံးနိမ့်ခဲ့ပြီး သုံးပွဲဆက်တိုက်အနိုင်မရခဲ့တာကြောင့် မန်ယူတို့ အားစိုက်လာမှာပါ။ အိမ်ကွင်းလည်းဖြစ်ပါတယ်။ ဒါပေမယ့် မန်ယူဟာ ဒဏ်ရာပြဿနာများပြားနေပြီး လူစုံမသုံးနိုင်လို့ အသင်းလိုက်ဟန်ချက်လည်း ပျောက်ဆုံးနေတယ်။ နော့ဝှစ်ချ်ရဲ့ ကစားအားကလည်းကောင်းလို့ မန်ယူနိုင်ရင်တောင် မပြတ်သားဘူး။

**ချယ်လ်ဆီး - ဆန်းဒါးလန်း** ည ၉း၃၀ (၁၉-၁၂-၁၅)

ဆန်းဒါးလန်းက အာဆင်နယ်နဲ့ ဝက်ဖို့ဒ်တို့ကို ဆက်တိုက်ရှုံးနိမ့်ပြီး တန်းဆင်းဇုန်အတွင်းမှ ချယ်လ်ဆီးကိ အမှတ်စွဲယူနိုင်ဖို့ကြိုးစားသွားမှာပါ။ ချယ်လ်ဆီးကတော့ ခြေစွမ်းမငြိမ်သေးပါဘူး။ ဒါပေမယ့် ချယ်လ်ဆီးနဲ့အိမ်ကွင်းဖြစ်သလို ချယ်လ်ဆီးနဲ့ အမှတ်လိုအပ်နေမှုကြောင့် ဒီပွဲမှာတော့ ချယ်လ်ဆီးကိုသာ နှစ်သက်ပါတယ်။

**ဆောက်သမ်တန်-စပါး** ည ၉း၃၀ (၁၉-၁၂-၁၅)

ဆောက်သမ်တန်က ဒီနောက်ပိုင်းမှာ ခြေစွမ်းတောက်လျှောက်ကျဆင်းနေတယ်။ နောက်ဆုံး လေးပွဲမှာ နိုင်ပွဲမရှိ သုံးပွဲရှုံးနိမ့်ခဲ့ရတယ်။ စပါးရဲ့ကစားပုံကတော့ တည်ငြိမ်မှုရှိတယ်လို့ ဆိုနိုင်သလို တိုက်စစ်ကလည်း ထက်မြက်မှုရှိပါတယ်။ ဒါကြောင့် စပါးကသာ ဒီရာသီမှာကပ်ပြီးအနိုင်ရတဲ့ ပွဲတစ်ပွဲ ထပ်ဖန်တီးသွားမှာပါ။

**နယူးကာဆယ် - ဗီလာ** နံနက် ၀၀း၀၀ (၂၀-၁၂-၁၅)

နှစ်သင်းစလုံး ခြေပျက်နေကြတဲ့ အသင်းတွေချည်းပါပဲ။ အသင်းလိုက်ကစားအားရော ချို့ယွင်းမှုတွေမှာပါ ကွာဟမှုမရှိပါဘူး။ ဒါပေမယ့် နယူးကာဆယ်ကတော့ အိမ်ကွင်းအားနဲ့ ဖိအားပေးနိုင်ဖို့ကြိုးစားသွားမှာ သေချာပါတယ်။ ခြေစွမ်းမကွာပေမယ့် အိမ်ရှင် နယူးကာဆယ်ကသာ ကပ်နိုင်ဖို့ယူဆမိတယ်။

**ဝက်ဖို့ဒ် - လီဗာပူး** ည ၇း၀၀ (၂၀-၁၂-၁၅)

ဝက်ဖို့ဒ်က ဆန်းဒါးလန်းကို အနိုင်ယူနိုင်ခဲ့တဲ့ ပွဲအပါအဝင် နောက်ဆုံးသုံးပွဲဆက်တိုက် အနိုင်ရခဲ့တာကိုတွေ့ရသလို ခြေစွမ်းပိုင်းလည်း ကောင်းမွန်လာတာ ထင်ရှားပါတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ဒါပေမယ့် လီဗာပူးကလည်း အသင်းလိုက်ကစားပုံ အားကောင်းတာကြောင့် ဒီပွဲစဉ်မှာတော့ ဝက်ဖို့ဒ်တို့ရှုံးပွဲနဲ့ ပြန်ကြုံရနိုင်တယ်။

**ဆွမ်ဆီး - ဝက်စ်ဟမ်း** ည ၁၀း၃၀ (၂၀-၁၂-၁၅)

ဂယ်ရီမွန်နဲ့ လမ်းခွဲပြီးတဲ့နောက်မှာ ယာယီနည်းပြလက်ထက် ဆွမ်ဆီးရဲ့ ကစားပုံကောင်းလာသလို မန်စီးတီးကိုတောင် အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့တယ်။ အိမ်ကွင်းလည်းဖြစ်လို့ အခုနောက်ပိုင်းခြေမငြိမ်တဲ့ ဝက်စ်ဟမ်းကို ဖိအားပေးသွားနိုင်မှာပါ။ အိမ်ကွင်းမှာ ဆွမ်ဆီးတို့ နိုင်ပွဲပြန်လည်ရရှိနိုင်ပါတယ်။

**အာဆင်နယ် - မန်စီးတီး** နံနက် ၂း၃၀ (၂၂-၁၂-၁၅)

ဆွမ်ဆီးကို နိုင်ခဲ့တယ်ဆိုပေမယ့် အဲဒီပွဲမှာ မန်စီးတီးရဲ့ ကစားပုံကောင်းမွန်မှုသိပ်မရှိဘူး။ အထူးသဖြင့် ကွန်ပနီ မပါဝင်နိုင်တဲ့ ခံစစ်က အားနည်းမှုတွေနဲ့အတူ စိတ်ချရမှုလည်းမရှိလို့ အခုနောက်ပိုင်း ထိုးဖောက်ကစားပုံကောင်းတဲ့ အာဆင်နယ်ကို ထိန်းချုပ်ဖို့ခက်ပါလိမ့်မယ်။ အိမ်ကွင်းလည်းဖြစ်လို့ မန်စီးတီးကို အာဆင်နယ် အနိုင်ရမယ်။

# ငွေကျပ် ၅၀၀၀ တန်အတုများဖြင့် နွားဝယ်ယူသူနှင့် ငွေစက္ကူအတုများ လက်ဝယ်ထားရှိသူအား ဗဟိုဘဏ်ဥပဒေဖြင့် အရေးယူ

**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဥသျှစ်ကုန်း ကျေးရွာနေ ဦးမောင်သိန်း (၅၃)နှစ်ထံတွင် ငွေစက္ကူအတုများ လက်ဝယ်ရှိကြောင်း သတင်းအရ ရမည်းသင်းခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်ဝင်းသမိန်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲက သွားရောက် စုံစမ်းရှာဖွေရာ ဦးမောင်သိန်းထံမှ ငွေကျပ် ၅၀၀၀ တန်အတု ၇၇ ရွက် တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

ဦးမောင်သိန်းအား အဆိုပါ ငွေစက္ကူများနှင့် ပတ်သက်၍စစ်မေးရာ ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက ရမည်းသင်းမြို့ နွားပွဲဈေးတွင် ရမည်းသင်းမြို့နယ် ဗျဉ်းကပ်ရွာနေ ကျော်လွင်ဦး (၃၃)နှစ်ထံ နွားတစ်ကောင်အား ငွေကျပ် ၃၈၅၀၀၀ ဖြင့် ရောင်းချခဲ့ရာမှ ရရှိခဲ့ကြောင်း၊ ဗျဉ်းကပ်ရွာသို့ သွားရောက်ပြီး ကျော်လွင်ဦးအား စစ်မေးရာ လွန်ခဲ့သည့် နှစ်ပတ်ခန့်က ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် နောင်တရားကျေးရွာ နွားပွဲဈေးတွင် နွားရောင်းဝယ်စဉ် အမျိုးသားတစ်ဦးထံမှ ငွေကျပ် ၅၀၀၀ တန်အတု ၁၃၉ ရွက်ရရှိခဲ့ကြောင်း၊ ကျန် ၅၀၀၀ ကျပ်တန် ငွေစက္ကူအတု ၆၂ ရွက် အား တစ်ရွာတည်းနေ ဇော်လတ် (ခ) ကိုဇော် (၃၄) နှစ်ထံ အပ်ထားကြောင်း သိရ၍ ငွေကျပ် ၅၀၀၀ တန်အတု ၆၂ ရွက်အား ထပ်မံသိမ်း ဆည်းရမိခဲ့သည်။

ငွေစက္ကူအတုများ လက်ဝယ်ထားရှိသူ ကျော်လွင်ဦးနှင့် ဇော်လတ် (ခ) ကိုဇော်တို့အား ရမည်းသင်းမြို့မ ရဲစခန်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေပုဒ်မအရ အမှုဖွင့် စစ်ဆေး လျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**





# ဘိန်းဖြူနှင့် ဆေးခြောက်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

မူးယစ်တပ်ဖွဲ့စု(၄၇)စစ်တွေမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၃ ရက်က အမ်း(ပဲပဒုံ)စစ်ဆေးရေးဂိတ်တွင် စစ်တွေမှ ရန်ကုန်သို့ ယာဉ်မောင်း ဖြိုးပိုင်မိုး မောင်းနှင်လာသည့် ခရီးသည်တင် မှန်လုံ ယာဉ်ကိုရှာဖွေရာ ခရီးသည်များဖြစ်ကြသည့် ကျော်ဝင်းအောင်ထံမှ ဆေးခြောက် ၂ ဒသမ ၂၃၂ ကီလို၊ အောင်ကျော်မိုးထံမှ ဆေးခြောက် ၃ ဒသမ ၂ ကီလို စုစုပေါင်း ဆေးခြောက်အလေး ချိန် ၅ ဒသမ ၄၃၂ ကီလို သိမ်းဆည်းရမိသည်။

အလားတူ ဒီဇင်ဘာ ၁၄ ရက်က ကွမ်းလုံ မြို့နယ် နမ့်ကျွမ်းကျေးရွာမှ ဟိုလီကျေးရွာ ဘက်သို့ ကျူကွမ်ဆင်း မောင်းနှင်ပြီး မကျန်ဆလန် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၆၂ ပြားနှင့် ဘိန်းဖြူအလေးချိန် သုည ဒသမ ၁၉ ကီလိုကို လည်းကောင်း၊ ဒီဇင်ဘာ ၁၅ ရက်က ကလေးမြို့ တပ်ဦးသီတာ ရပ်ကွက် ကားကြီးဝင်းရှိ ကလေး-မန္တလေး ပြေးဆွဲမည့် ကျော်ဇေယျာ ကားဂိတ်သို့ သွားရောက် စစ်ဆေးခဲ့ရာ အမျိုးသားတစ်ဦးထံမှ ဆူဒိုအက်ဖီဒရင်း ဆေးပြား ၁၀ ဒသမ ၈ သိန်းကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၅ ရက်က တာမွေမြို့နယ် မေတ္တာညွန့် ရပ်ကွက် သုဓမ္မစာရီလမ်းတွင် အောင်ဇော်မိုးနိုင်နှင့် ကျော်သက်မင်းတို့နှစ်ဦးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈ ပြား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ အောင်ဇော်မိုးနိုင်၏ နေအိမ်အား ရှာဖွေရာ မမျိုးသဥ္ဇာနှင့် မသိမ်းနန္ဒီအောင်တို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၇၃၈ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၆)မှ သူငယ်ချင်းများ

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၁၉)ရက်နေ့ဆိုရင် အမိ 'စစ်တက္ကသိုလ်'ကနေ ဒို့တွေကိုမွေးထုတ်ပေးခဲ့တာ (၁၂)နှစ်တိုင်ခဲ့ပြီမို့ သူငယ်ချင်းတွေ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် ပြန်လည်ဆုံတွေ့ကြနိုင်ဖို့ ကျောင်းဆင်းနှစ်ပတ်လည်နေ့ အမှတ်တရအခမ်းအနားကို တာဝန်ကိုယ်စီနဲ့ မအားလပ်တဲ့ကြားက မပျက်မကွက် တက်ရောက်ပေးကြဖို့ ဖိတ်ကြားလိုက်ပါတယ်။

အလှူ - ၁၉-၁၂-၂၀၁၅ (စနေနေ့)

- နေပြည်တော် ။ (၀၈း၃၀)နာရီ၊ သုဇာနကာရီ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး ပရဟိတသာသနာပြုကျောင်း၊ ခေတ်အေးကျေးရွာ၊ နေပြည်တော်တပ်ကုန်း။
- ပြင်ဦးလွင် ။ (၀၉း၀၀)နာရီ၊ ရွှေဥမင်မိုးညို ကျောင်းတိုက်၊ မိုးကြိုးစံပြကျေးရွာ။

ညစာစားပွဲ -၁၉-၁၂-၂၀၁၅ (စနေနေ့)

- နေပြည်တော် ။ (၁၈း၃၀) နာရီ၊ မန္တလေးယူနန်စားသောက်ဆိုင်၊ နေပြည်တော်။
- ရန်ကုန် ။ (၁၈း၀၀)နာရီ၊ Jasmine Palace Hotel,ဟံသာဝတီဝိုင်းနှင့် မြေနီကုန်းတံတားကြား၊ပြည်လမ်း၊ရန်ကုန်။
- မန္တလေး ။ (၁၈း၃၀)နာရီ၊ Oriental House, ၆၄ လမ်း×၂၇ လမ်းထောင့်၊ အပေါ်ထပ် သီးသန့်ခန်းမ၊ မန္တလေး။
- ပြင်ဦးလွင် ။ (၁၈း၀၀)နာရီ၊ Tiger Restaurant (အတွင်းခန်း) and VIP House (ဘုံကျောင်းအနီး)၊ ပြင်ဦးလွင်။
- တောင်ကြီး ။ (၁၇း၃၀)နာရီ၊ Cherry Queen Hotel, တောင်ကြီး။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

